ေကြးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ သောကြာနေ့၊ (18-6-2010) (၆၃၃၂)

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း တရားဝင်ခရီးလာရောက်မည်

နေပြည်တော်　　ဇွန်　　၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း တရားဝင်ခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် သစ်ပင်စိုက်ပျိုးပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင်၌ မိုးရာသီသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရန်ကုန်　　ဇွန်　　၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပြည်လမ်းနှင့် ရှင်စောပုလမ်းထောင့်ရှိ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းဝင်းအတွင်း၌ ကျင်းပသည့် ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက မိုးရာသီသစ်ပင်စိုက်ပျိုးမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ သစ်ပင်များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အထိမ်းအမှတ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ေကြးမုံ သတင်းများအညွှန်း

- ❒ ရောဝတီတိုင်းနှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များတွေ့ဆုံ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြ။ စာမျက်နှာ - ၉
- ❒ မြန်မာ-အီရန် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြင့်တင်ရေး၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှုစသည့်ပူးပေါင်းဆောင်ရွက်မှု အမြင်ချင်းဖလှယ်။ စာမျက်နှာ - ၅
- ❒ ယာဉ်မောင်းများ သတိထားမောင်းနှင်ကြရန်နှင့် ယာဉ်ကြံ့ခိုင်မှု မပြတ်စစ်ဆေး၍ သတ်မှတ်မိုင်နှုန်းအတွင်းသာ မောင်းနှင်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား။ စာမျက်နှာ - ၉
- ❒ ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတော်၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊NGO အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိ။ စာမျက်နှာ - ၁၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro -Chem Corporation Limited (NPCC) တို့ ကုန်းပိုင်းလုပ်ကွက် F (ငလျှိုင်တွင်းဒေသ)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် မြန်မာနှင့်တရုတ်တို့ လက်မှတ်ရေးထိုးချုပ်ဆို

နေပြည်တော်　　ဇွန်　　၁၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro - Chem Corporation Limited (NPCC) တို့သည် ကုန်းပိုင်းလုပ်ကွက် F (ငလျှိုင်တွင်းဒေသ)၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ဇွန် ၁၆ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❍

ကြေးမုံ The Mirror

၁၈-၆-၂၀၁၀
(သောကြာနေ့)

စေတနာသွေးသန့် မွန်မြတ်သော အလှူ

ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြို့ပြမှသည် ကျေးလက်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် ကျင့်သုံးဆောင်ရွက်နေသည်။

ထိရောက်စွာ ကုသပေးခြင်းအပိုင်းတွင် သွေးသွင်းကုသမှု၊ သွေးဘဏ်လုပ်ငန်းများသည် အဓိကလုပ်ငန်းအနေဖြင့် ပါဝင်နေသည်။ အမျိုးသားသွေးဌာန အဆောက်အအုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းတို့၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် ယခုနှစ် မတ်လအတွင်းက စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါ အဆောက်အအုံသစ်တွင် နိုင်ငံတကာ ခေတ်မီစက်ပစ္စည်းအမျိုးအစားပေါင်း ၆၇မျိုး တပ်ဆင်ပေးထားရာ သွေးမှ သွေးပစ္စည်းအမျိုးမျိုးကို ခွဲခြားပြီး ရောဂါအလိုက် လိုအပ်သည့် သွေးအမျိုးအစားကို ထုတ်ယူပေးသွင်း ကုသနိုင်လျက်ရှိသည်။

သွေးသည် လူ၏အသက်ဖြစ်သည်။ သွေးလှူခြင်းသည် လူ၏အသက်ကို ကယ်တင်ခြင်းဖြစ်ရာ ကိုယ်တိုင်သွေးလှူခြင်းနှင့် စေတနာသွေးလှူရှင်များ တိုးပွားများပြားလာရေးအတွက် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် ပါဝင်ကြိုးပမ်းနေခြင်းတို့သည် မွန်မြတ်သောအလှူ ကောင်းမှုပြုနေခြင်းပင်ဖြစ်သည်။

ကျောက်ကပ်အစားထိုးကုသခြင်း၊ အသည်းအစားထိုးကုသခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသခြင်း၊ အရေးပေါ်ထိခိုက်ဒဏ်ရာရ၍ ကုသရခြင်းများအပါအဝင် သွေးလိုအပ်သူများအား သွေးသွင်းကုသကြရသည်။ သွေးသွင်းကုသရမည့် လူနာများအတွက် သွေးကို အချိန်မီလုံလောက်စွာရရှိရန် လိုအပ်သကဲ့သို့ သန့်စင်သည့် သွေးများ စုဆောင်းရရှိရန် အရေးကြီးသည်။ အထူးသဖြင့် သွေးလှူရှင်များသည် ကျန်းမာပြီး သွေးနီအားပြည့်မီသူများ၊ ခုခံအားကျဆင်းမှုရောဂါပိုး၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးစသည့် ကူးစက်နိုင်သော ရောဂါပိုးကင်းစင်သူများ ဖြစ်ရပေမည်။

ယခုအခါ လူမှုရေးအသင်းအဖွဲ့၊ ဌာနဆိုင်ရာနှင့် တက္ကသိုလ်၊ ကောလိပ်များ၏ သွေးလှူဒါန်းပွဲများကို ပိုမိုတွေ့မြင်နေရသည်။ လူငယ်လူရွယ်သွေးလှူရှင်များ တိုးတက်လာလျက်ရှိသည်။ သွေးလှူရှင်များ၏ စေတနာသွေးဖြင့် သွေးလိုအပ်နေသူ လူနာများစွာကို အချိန်မီ သွေးသွင်းကုသ အသက်ရှင်နိုင်စေသည်ဖြစ်ရာ သွေးလှူရှင်များ တိုးပွားလာရေး ပူးပေါင်းပါဝင် အားထုတ်နေကြသည်။

စေတနာသွေးလှူရှင်များ တိုးပွားလာရေးနှင့် သန့်စင်သည့်သွေးများ ရရှိသုံးစွဲနိုင်ရေး ရည်ရွယ်ပြီး ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားများ နှစ်စဉ်ကျင်းပ၍ သွေးလှူရှင်များ၊ စေတနာရှင်များကို ဂုဏ်ပြုလျက်ရှိသည်။ သွေးလှူရှင်များ၏ ကျန်းမာရေးကို ဂရုပြုစစ်ဆေးစောင့်ရှောက်မှုပေးခြင်း၊ သွေးလှူရှင်များအားလုံးကလည်း ကျန်းမာပြီး အန္တရာယ်ကင်းသော လူနေမှုစရိုက်တွင် နေထိုင်ကြခြင်းတို့ဖြင့် သန့်စင်သော စေတနာသွေးဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ဆောင်ရွက်မှု ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြုလုပ်သော ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ဦးဝိဇ္ဇာလမ်း၌ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်း၍သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အသိပညာပေးဟောပြောနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို ကျောက်တံတား၊ စမ်းချောင်း၊ သဃ်န်းကျွန်းနှင့် လှိုင်သာယာမြို့နယ်များ၌ ယနေ့ နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ပြုလုပ်ကြသည်။

ယင်းနောက် မြို့တော်ဝန်သည် ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ ခုနစ်ပင်လိမ်ချောင်း ရေစီးရေလာ ပိုမိုကောင်းမွန်စေရန် ချောင်းဖြတ်သံကူကွန်ကရစ် တံတားသစ်တည်ဆောက်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်း ပြုပြင်ဆောင်ရွက်နေမှု၊ လှိုင်မြို့နယ် ပီတောက်ချောင်းအနီး ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ်ဖွင့်လှစ်မည့် မြေနေရာ၌ ဈေးရုံနှင့်ဆိုင်ခန်းများ တည်ဆောက်ပြီးစီးမှု၊ တာမွေမြို့နယ် မြို့ပတ်လမ်းရှိ အောင်မင်္ဂလာ မြို့ပတ်ချောင်း ရေစီးရေလာကောင်းမွန်စေရန် စက်ယန္တရားများဖြင့် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဒေါပုံမြို့နယ်ရှိ ယမုံနာလမ်း ယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း ပုဇွန်တောင်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ ဦးဝိဇ္ဇာလမ်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီး နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

လန်ဒန်မြို့နေ ဒေါက်တာမြင့်ဝင်း၏ မွေးနေ့အလှူအဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၈-၆-၂၀၁၀ (သောကြာနေ့)

[၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း(၇) ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇာယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၀	၇။	အကပြိုင်ပွဲ
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	"အမျိုးသားမီးရထား ကွန်ရက်သရက်-မင်းလှလမ်းအပိုင်း"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	"ငှက်တစ်သောင်း"
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၅	၅။	နှောင်းခေတ်တေးပဒေသာ
၄း၄၅	၆။	"ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်"
၄း၅၅	၇။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၀၅	၈။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၉။	ရိုးသားဖြူစင်ကလေးတို့အသွင်
၅း၃၀	၁၀။	Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြိုသုံးသပ်ချက်)
၅း၄၅	၁၁။	ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဂျာမနီနှင့် ဆာဘီးယား)
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံတော်အတွက် ထာဝရသစ္စာ (စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၂၅)**
	၁၇။	သီချင်းချစ်သူ (အက်စ်ကဲနက်)
	၁၈။	အစီအစဉ်ပြီး၏။

ဆီးချိုသွေးချိုသမားများနှင့် သင့်လျော်သည့် လက်ဖက်ခြောက် စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇွန် ၁၇

ဆီးချိုသွေးချိုသမားများနှင့် အထူးသင့်လျော်သော တော်ဝင်ရွက်နုလက်ဖက်ခြောက် (Yacon Green Tea) ကို ရှမ်းမောမြေကုမ္ပဏီလီမိတက်က သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး အများပြည်သူများ ကျန်းမာရေးအလို့ငှာ ဝယ်ယူသောက်သုံးနိုင်အောင် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

တော်ဝင်ရွက်နု လက်ဖက်ခြောက်မှာ မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် Yacon အရွက်ကို အခြေခံ ထုတ်လုပ်ထားခြင်းဖြစ်သည်။ တော်ဝင်ရွက်နု လက်ဖက်ခြောက်ကို ရေနွေးကြမ်းအဖြစ် ခတ်၍ နံနက်စာ၊ နေ့လယ်စာနှင့် ညစာများ မသုံးဆောင်မီ နာရီဝက် ကြိုတင်သောက်သုံးခြင်းဖြင့် အကျိုးအာနိသင်များ ပိုမိုထိရောက်စွာ ခံစားရကြောင်း သိရသည်။

ရာကွန်းရွက် လက်ဖက်ခြောက် (Yacon Green Tea)သည် ခန္ဓာကိုယ်အတွင်း သကြားဓာတ်လွန်ကဲမှုကို လျှော့ချပေးရာ ဆီးချိုသွေးချိုအတွက် ကောင်းမွန်သည်။ ရောဂါဖြစ်ပွားစေသော အဏုဇီဝပိုးများနှင့် မှိုများကို နှိမ်နင်းနိုင်သည်။ အင်ဆူလင် မထုတ်လုပ်နိုင်သော ဆီးချိုဝေဒနာရှင်များ တွေ့ကြုံရသည့် ကစီနှင့် အချိုဓာတ် လွန်ကဲစွာစားသုံးမိခြင်းကြောင့် သွေးအတွင်း သကြားဓာတ်မြင့်တက်လာမှုကို ထိရောက်စွာ လျှော့ချပေးသည်။ သွေးခဲခြင်းကို တားဆီးကာကွယ်နိုင်သဖြင့် သွေးတိုးရောဂါကို သက်သာစေသည်။ သွေးအတွင်း အဆီဓာတ်(ကိုလက်စထရော) များခြင်းကို လျှော့ချပေးသည်။ အသည်းဆဲလ်များ ပျက်စီးခြင်းကို ကာကွယ်ပေးသည်။ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး ဆဲလ်တို့၏ လုပ်ငန်းစွမ်းရည်ကို တိုးတက်သည့် အကျိုးအာနိသင်များ ရရှိနိုင်ကြောင်း သိရသည်။

တော်ဝင်ရွက်နု လက်ဖက်ခြောက် (Yacon Green Tea)ကို ရှမ်းမောမြေကုမ္ပဏီလီမိတက် IHBC အဆောက်အအုံ အမှတ် ၃၆၅/၃၆၇ တတိယထပ် ဗိုလ်အောင်ကျော်လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၉၂၀၊ ၃၉၂၉၂၁၊ Ext: ၂၀၆၊ ၃၀၆ နှင့် အနယ်နယ် အရပ်ရပ်ရှိ ရှမ်းမောမြေကုမ္ပဏီ ရုံးခွဲများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျေးလက်တံတား တည်ဆောက်နေမှု စစ်ဆေး

ကျောက်ဖြူ ဇွန် ၁၇

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းသည် ကျောက်ပြောက်ကျေးရွာနှင့် သဖန်းချောင်းကျေးရွာကို ဆက်သွယ်ထားသည့် မြေသားလမ်းပေါ်ရှိ သံကူကွန်ကရစ်သစ်သားတံတား အရှည် ၄၄ ပေ၊ အကျယ် ၁၂ ပေ တည်ဆောက်နေမှုအား ဇွန် ၉ရက်တွင် သွားရောက်စစ်ဆေးရာ လုပ်ငန်းခွင် အင်ဂျင်နီယာ ဦးကောင်းထွန်းလင်းက ရှင်းလင်းတင်ပြသည်။**(ယာပုံ)**

အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါက ကျောက်ပြောက်ကျေးရွာ၊ သဖန်းချောင်းကျေးရွာ၊ ငလုံးစုကျေးရွာ၊ ရွာမကျေးရွာ စသည့်ကျေးရွာများအား လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာကာ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး ကျေးလက်နေ ပြည်သူများအား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

★ **ရှေ့ဖုံးမှ**

ပန်းအလှပင်များကို ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက အပင်များကို စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

တမာပင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့သည် ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိကြပြီး အညာတမာပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက ပြည်သူ့ဥယျာဉ်နှင့် အလုံလမ်းတစ်လျှောက်တို့၌ သစ်ပင်များကို စိုက်ပျိုးကြသည်။

(သတင်းစဉ်)

○ **ရေနံနှင့် သဘာဝဓာတ်ငွေ့မှ**

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေ၊ North Petro-Chem Corporation Limited (NPCC) မှ Chairman, Mr. Li Li နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ငွေနှင့် North Petro-Chem Corporation Limited (NPCC) မှ Chairman, Mr. Li Li တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ငွေ၊ North Petro-Chem Corporation Limited (NPCC) မှ Chairman, Mr. Li Li၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် North Petro-Chem Corporation Limited (NPCC) မှ Geological Consultant, Mr. He Kegeng တို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးလွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်များကို လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များကိုလည်းကောင်း ပေးအပ်ကြရာ North Petro-Chem Corporation Limited (NPCC) မှ Chairman, Mr. Li Li က လက်ခံပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ကုန်းပိုင်းဒေသ ကုန်းပိုင်းလုပ်ကွက်ဖြစ်သော PSC-F (ငလှိုင်တွင်းဒေသ) တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်များကို NPCC မှ Chairman, Mr. Li Li ထံ ပေးအပ်စဉ်။ (စွမ်းအင်)

၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဖိတ်ခေါ် ရောင်စုံဓာတ်ပုံနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

နေပြည်တော် ဇွန် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများအတွက် ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Everyone Counts" မြန်မာဘာသာဖြင့် "မထပ်မကျန် မှန်ကန်မှု၊ အချက်အလက်တွေ စုံအောင်စု၊ လူဦးရေနှင့် ဖွံ့ဖြိုးမှု" ဖြစ်သည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ × ၁၅ လက်မ ထက်မငယ်သောအရွယ်အစား Print ပုံဖြင့် အရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် အထူးဆု ငါးဆုအား ငွေကျပ် ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ် (၄၈) နေပြည်တော်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း (၂၇/၂၉) (၃၅) လမ်း(အောက်) ကျောက်တံတားမြို့နယ်သို့ ဇွန် ၂၃ ရက် နေ့လယ် ၁၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများမှ တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း Digital နည်းစနစ်ဖြင့်ဖြည့်စွက်၊ ပယ်ဖျက်ထားခြင်းမရှိကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့်အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ

ပြိုင်ပွဲဝင်လိုသူများသည် စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာမျက်နှာတစ်ဖက်တည်းတွင် စာလုံးရေ သုံးထောင်မှ ငါးထောင်အတွင်းရေးသားပြီး ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူဆောင်းပါး တစ်ပုဒ်သာ တင်သွင်းခွင့်ရှိသည်။ စာမူမူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍လည်းကောင်း၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကို မြန်မာနှင့်အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့် ဖော်ပြပြီး အဖအမည်၊ အသက်(မွေးသက္ကရာဇ်)၊ ကျား/မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ် ပြည်နယ်/တိုင်းတို့ကို ပြည့်စုံစွာဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စပို့ဓာတ်ပုံ သုံးပုံ ပူးတွဲ၍ ပြိုင်ပွဲဝင်စာမူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ်(၄၈) နေပြည်တော်သို့ ဇွန် ၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပေးပို့ရမည်။

ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ် ငါးသောင်းနှင့် အထူးဆုငါးဆုအား ငွေကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

ဆုချီးမြှင့်

ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရသူများကို ဇူလိုင် ၁၁ ရက်နေ့ နေပြည်တော်၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ချီးမြှင့်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြိုင်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို နေပြည်တော်တွင် ရုံးအမှတ်(၄၈) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ပျဉ်းမနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးတွင် လည်းကောင်း၊ ကျန်ဒေသများအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် လည်းကောင်း ကြည့်ရှုနိုင်သည်။

မရှင်းလင်းသည့် အချက်အလက်များရှိပါက ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲနှင့် ပတ်သက်၍ ဒေါ်ညွန့်ညွန့်ရည် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၈၊ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့် ပတ်သက်၍ ဒေါ်ယဉ်ယဉ်ကြိုင် (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၆၇-၄၃၁၀၆၉၊ Fax-၄၃၁၀၆၆ သို့ လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် မြန်မာနိုင်ငံဓာတ်ပုံအသင်း(ရန်ကုန်မြို့)ဖုန်း-၀၁-၃၇၃၁၆၇ ဖြင့် လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ဆွေတစ်ရာမောင်တစ်ကျိပ် ဆက်လက်ပြသ

ရန်ကုန် ဇွန် ၁၇

ယခုသောကြာပတ် ဇွန် ၁၈ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ အကြည်တော်၏ ဝတ္ထုနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာမီးပွားရိုက်ကူးသည့် ဆွေတစ်ရာမောင်တစ်ကျိပ်ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ ဇာတ်ကားမှာ အိမ်ထောင်တည်စ ဇနီးမောင်နှံများ ဆောင်ရန်ရှောင်ရန် ပညာပေးရိုက်ကူးထားသည့် အိမ်ထောင်ရေးပညာပေး ဇာတ်ကားဖြစ်သော်လည်း ပရိသတ်မပျင်းရိစေရန် ဟာသရောစွက် ရိုက်ကူးထားသည့် ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ ဇာတ်ညွှန်းနှင့် ဒါရိုက်တာနှစ်ဦးစလုံး ပရိသတ်အကြိုက်များ ဖြစ်ကြပေရာ ဇာတ်ကားကိုလည်း ပရိသတ်လက်ခံလိမ့်မည်ဟု ယူဆရပါသည်။ ခန့်စည်သူ၊ ပြေတီဦး၊ ခိုင်သင်းကြည်နှင့် ခိုင်နှင်းဝေတို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်၊ နဝဒေးနှင့် မဟာမြိုင်တို့တွင် တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။ အခြားမြန်မာဟာသဇာတ်ကား တစ်ကားဖြစ်သည့် နတ်ဖြစ်ရတဲ့ဒုက္ခဇာတ်ကားကိုမူ မြို့လယ် ဝဇီရာ၊ ဝဇီရာ(၂) လှိုင်သာယာရုံများတွင် ပြသမည်ဖြစ်သည်။

ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သက်မွန်မြင့်တို့ ပါဝင်သော နတ်ဖက်တဲ့စုံတွဲများ မြန်မာ ဇာတ်ကားမှာ မကြာမီရုံတင်တော့မည် ဖြစ်သည်။

ဆွေတစ်ရာမောင်တစ်ကျိပ်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကိုတွေ့ရစဉ်။

ရုပ်ရှင်

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် ရှေးဟောင်း ဂရိနတ်ဘုရားများ အချင်းချင်း တန်ခိုးပြိုင်တိုက်ခိုက်ကြပုံကို ဇာတ်လမ်းဆင်၍ ထူးထူးဆန်းဆန်း ရိုက်ကူးထားသည့် PERCY JACKSON & THE LIGHTING THIEF ဇာတ်ကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် လူသားစက်ရုပ်ဇာတ်ကားဖြစ်သည့် IRON MAN 2 ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

မင်္ဂလာရုံတွင် နာမည်ကြီး အိန္ဒိယသရုပ်ဆောင် ဟာရီသစ်ရိုအမ် ပါဝင်သည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်စွန့်စားခန်းဇာတ်ကားပြသမည်ဖြစ်သည်။ မြို့လယ်ဘုရင့်ရုံတွင်မူ နာမည်ကြီးသရုပ်ဆောင် အမီရ်ခန်း ပါဝင်သည့် GHAJINI အချစ်ဇာတ်ကား ပြသမည်ဖြစ်သည်။

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုကို ဒုတိယဦးစီးမှူး ဦးကျော်ဝင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဆိုဒီယမ်မီးများတပ်ဆင်

ပုသိမ်မြို့ မဟာဗန္ဓုလလမ်းတစ်လျှောက်ရှိ လမ်းမီးတိုင်များအား ဆိုဒီယမ်မီးလုံးများ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးကြည်နှင့်အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ပြင်သစ်တောင်ပိုင်း၌ ရေကြီး၍ လူ ၂၂ ဦး သေဆုံး

ဒရာဂွေနန်(ပြင်သစ်) ဇွန် ၁၇

ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် မိုးသက်မုန်တိုင်းကျရောက်သဖြင့် ရေကြီးမှုဖြစ်ပွားရာ ဇွန် ၁၇ရက်တွင် သေဆုံးသူ ၂၂ ဦးထိ ရှိလာကြောင်း၊ ကယ်ဆယ်ရေးသမားများက အသက်ရှင်လျက်ရှိသူများကို လေကြောင်းမှ ကယ်ဆယ်ပေးခဲ့ပြီး ပျောက်ဆုံးနေသူများကိုလည်း ရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မြေထဲပင်လယ်ကမ်းခြေအနီး ဒရာဂွေနန်ဒေသတွင် မော်တော်ကားများ၊ အိမ်များအတွင်းနှင့် အိမ်ခေါင်မိုးပေါ်များ၌ ပိတ်မိနေကြသူ ရာပေါင်းများစွာကို ကယ်တင်နိုင်ရန် မီးသတ်တပ်ဖွဲ့များသည် အလျင်အမြန် ယင်းဒေသသို့ သွားရောက်ခဲ့ကြသည်။ ယင်းဒေသ၌ နေထိုင်သူများကို အန္တရာယ်ကင်းစေရန်အတွက် လေကြောင်းမှကယ်တင်ရန် ရဟတ်ယာဉ်များကိုလည်း စေလွှတ်ခဲ့သည်ဟု ဆိုသည်။

ကယ်တင်

နှစ်ထပ်အမြင့်ထိ ရေများလျှံတက်လာသော ဒရာဂွေနန်အကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၄၃၆ ဦးကို အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ကယ်တင်၍ နီးစပ်ရာထောင်များဆီသို့ ပို့ပေးခဲ့ကြရသည်။

ကယ်ဆယ်ရေးသမားများက ထိုနေ့နံနက်ပိုင်းအတွင်း အလောင်းများ ထပ်မံတွေ့ရှိရာ သေဆုံးသူ အရေအတွက် မြင့်တက်လာခဲ့သည်။ ဗားဌာနမှ ပြည်နယ်အာဏာပိုင်များက ၁၁ ဦး သေဆုံးပြီး ၁၂ ဦး ပျောက်ဆုံးနေသည်ဟု စောစောပိုင်းက ပြောခဲ့သည်။

ရုတ်ခြည်းမြင့်တက်

အင်္ဂါနေ့က မိုးသည်းထန်စွာရွာသဖြင့် ယင်းဒေသ၌ ရေများ ရုတ်ခြည်းမြင့်တက်လာခဲ့သည်။ လူအမြောက်အမြားကို ကုန်းမြင့်ပိုင်းများသို့ ထွက်ပြေးစေခဲ့သည်။ နေအိမ်များ၏ ခေါင်မိုးများပေါ်သို့ တက်ရောက်နေစေခဲ့သည်။

မီးသတ်သမားများ၊ တပ်ဖွဲ့ဝင်များနှင့် ရဲအရာရှိများ ၁၈၅၀ တို့နှင့်အတူ ရဟတ်ယာဉ် ၁၁ စင်းသည် ကယ်ဆယ်ရေးဆောင်ရွက်နေကြောင်း၊ အကူအညီတောင်းခံသော ဖုန်းခေါ်ဆိုမှု အကြိမ်ပေါင်း ၁၅၀၀ လက်ခံရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်း သဘာဝဘေးအန္တရာယ်သည် ကမ္ဘာလှည့်ခရီးသည်တို့အကြား ကျော်ကြားသော ဖရိဂျပ်(စ်)မြို့သို့တိုင်အောင် ရောက်ရှိခဲ့ရာ လူ ၁၅၀၀ ကျော်ကို အန္တရာယ်ကင်းရာ ဒေသများသို့ မော်တော်ဘုတ်များ၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြား သည်။

ရေများမြင့်တက်လာသဖြင့် နိုက်(စ်)မှ လီလီသို့သွားသော အမြန်ရထားအတွင်း ခရီးသည် ၃၀၀ ပိတ်မိနေသည်။

ကျော်လွန်

အင်္ဂါနေ့ကတည်းက သည်းထန်စွာရွာသော မိုးကြောင့် လူဦးရေ ၄၀၀၀၀ ခန့် နေထိုင်သော ဒရာဂွေနန်မြို့၏ လမ်းများပေါ်တွင် ရေသည် သတိပေးချက်ထက် ကျော်လွန်လာခဲ့ကြောင်း အရေးပေါ်အဖွဲ့ အကြီးအကဲ ကိုရင်နီအိုဇီချော့စကီးက ပြောသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း ဒရာဂျစ်နန်ဒေသရှိ လမ်းများပေါ်၌ ရေလွှမ်းမှုကြောင့် ပျက်စီးခဲ့သော ယာဉ်များအား ဇွန် ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဂျာမနီ၌ ကုန်တင်ရထားနှင့် ခရီးသည်တင်ရထား ခေါင်းချင်းဆိုင်တိုက်၊ ၁၆ ဦး ဒဏ်ရာရ

ပါရီ ဇွန် ၁၇

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟာနိုဗာဒေသတွင် ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့ ခေါင်းချင်းဆိုင်တိုက်မိရာ လူ ၁၆ ဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အဆိုပါ ရထားနှစ်စင်းသည် ဇွန် ၁၆ ရက် ညပိုင်းက ဆိုက်ဆိုနီပြည်နယ်အောက်ပိုင်းရှိ ပိုင်နီမြို့အနီး၌ တိုက်မိခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ခရီးသည်တင်ရထား၏ တွဲစောင့်နှင့် အခြား ခုနစ်ဦးတို့ ဒဏ်ရာပြင်းထန်သဖြင့် ဒေသဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ကုန်တင်ရထား၏ ကုန်တွဲ ငါးတွဲနှင့် ခရီးသည်တင်ရထားတွဲ နှစ်တွဲ လမ်းချော်တိမ်းမှောက်ခဲ့သည်။ ခရီးသည်တင်ရထားသည် လူ ၆၆ ဦး တင်ဆောင်လာခဲ့ပြီး ယင်းသို့ဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အင်တာနက်။

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟာနိုဗာဒေသတွင် ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတို့ ခေါင်းချင်းဆိုင်တိုက်မိမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါကျွန်းတွင် အင်အားပြင်းငလျင်လှုပ်၊ နှစ်ဦးသေဆုံး

ဂျကာတာ ဇွန် ၁၇

အင်ဒိုနီးရှားနိုင်ငံ ပါပူဝါကျွန်းတွင် ရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ရာ လူနှစ်ဦးသေဆုံး၍ ငါးဦးထက်မနည်း ဒဏ်ရာပြင်းထန်စွာရရှိပြီး အဆောက်အအုံများလည်း ပြိုကျခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

မီးလောင်ခံရ

ငလျင်ဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားလည်ပတ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် နေအိမ်များ ပျက်စီးသွားရကြောင်း၊ အိမ် ၁၅ လုံးခန့် မီးလောင်ခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ပရိုင်ယာဒီကာဒိုနိုက ပြောကြားသည်။

ဒဏ်ရာရရှိသူ ခုနစ်ဦးကို ဆေးရုံတင်၍ ကုသထားရကြောင်း၊ ၎င်းတို့အနက် နှစ်ဦးမှာ ဒဏ်ရာကြောင့် သေဆုံးသွားခဲ့ပြီး သုံးဦးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထပ်မံလှုပ်

အထက်ပါ ငလျင်လှုပ်ပြီးနောက် နောက်ဆက်တွဲငလျင်များအဖြစ် ၆ ဒသမ ၆ အဆင့်ရှိ ငလျင်နှင့် ၆ ဒသမ ၂ အဆင့်ရှိ ငလျင်များ ထပ်မံလှုပ်ကြောင်း၊ ယင်းငလျင်များကြောင့် အဆောက်အအုံအချို့ ပြိုကျခဲ့ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီဂျစ်နယ်စပ်၌ မှောင်ခိုသမားတစ်ဦးကို အစ္စရေးတပ်ဖွဲ့ပစ်သတ်

ဂျေရုဆလင် ဇွန် ၁၇

ဗုဒ္ဓဟူးနေ့က အီဂျစ်နိုင်ငံဘက်မှနေ၍ နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးစားနေသူတစ်ဦးကို အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း၊ ၎င်းသည် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူဖြစ်ဟန်တူကြောင်း အစ္စရေးကြည်းတပ်နှင့် အီဂျစ်တာဝန်ရှိသူများက ပြောကြားသည်။

ယင်းနေ့နံနက် အရုဏ်မတက်မီအချိန်တွင် လူတစ်စုသည် ဆိုင်းနိုင်းနယ်စပ်ကို ဖြတ်သန်းနေခြင်းအား အစ္စရေးတပ်ဖွဲ့ဝင်များက မြင်ခဲ့သည်။ လက်နက်ဟု ယူဆရသော အရာတစ်ခုကို တွေ့လိုက်ရသဖြင့် ၎င်းလူအုပ်အတွင်းမှ တစ်ဦးကို သေနတ်ဖြင့် ပစ်လိုက်ရာ အီဂျစ်နိုင်ငံဘက်သို့ အားလုံးပြန်ပြေးသွားခဲ့ကြသည်။

အပစ်ခံရသူသည် အီဂျစ်နိုင်ငံအတွင်းသို့ ရောက်အောင် ပြန်ပြေးနိုင်ခဲ့သော်လည်း ရရှိသော ဒဏ်ရာဖြင့်ပင် နောက်ပိုင်း၌ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထိုသူ သေဆုံးကြောင်းကို တာဝန်ရှိသူများက မည်သို့သိရှိရသည်ဆိုသည်မှာ ချက်ချင်းရှင်းလင်းစွာ မသိရပေ။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံမြောက်ပိုင်းရှိ စက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား ၁၁ ဦး သေဆုံး

ဘလွန်းဘာ့ဂ် ဇွန် ၁၇

တရုတ်နိုင်ငံမြောက်ပိုင်းရှိ စက်ရုံ၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အလုပ်သမား ၁၁ဦးသေဆုံးသွားကြောင်း ဆင်ဟွာသတင်းဌာနက တရားဝင်ကြေညာသည်။

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ် ယီကျန်စီရင်စုရှိ ပုဂ္ဂလိကပိုင် ကျောက်ပြားစက်ရုံတွင် ပေါက်ကွဲစေသည့် ပစ္စည်းများကို စည်းမဲ့ကမ်းမဲ့ ထားရှိရာမှ စက်ရုံ၏ လေးထပ်အဆောက်အအုံ၌ ပေါက်ကွဲမှုဖြစ်ခြင်းဟု ယူဆကြောင်း သတင်းတွင် ပါရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အဆောက်အအုံပြိုကျရာ အလုပ်သမား ၁၀ ဦး ပွဲချင်းပြီး သေဆုံး၍ တစ်ဦးမှာ ဆေးရုံသို့ ရောက်ရှိပြီးနောက် သေဆုံးသွားကြောင်း ဘာအိုဒင်းဒေသရှိ အစိုးရသတင်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဇန်းဂန်ကျင်း၏ ပြောကြားချက်ကို ကိုးကား၍ သတင်း၌ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကနေဒါနိုင်ငံ မြို့တော်အော့တဝါ၌ ခရီးသည်တင်လေယာဉ် ဆင်းသက်မှုပြုလုပ်စဉ် ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့သည်ကို ဇွန် ၁၆ရက်ကတွေ့ရစဉ်။ *(အဆိုပါလေယာဉ်သည် ယူနိုက်တက်လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်ဖြစ်ပြီး အော့တဝါမြို့ရှိ မက်ဒိုနယ် ကာလီရာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆင်းသက်စဉ် ပြေးလမ်းချော်မှုဖြစ်ပွားရာ လေယာဉ်မှူး၊ လက်ထောက်လေယာဉ်မှူးနှင့် အဘွားအိုတစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။)* *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင် သေဆုံး

ကဘူး ဇွန် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး ဗုဒ္ဓဟူးနေ့က ထပ်မံသေဆုံးကြောင်း သတင်းတွင် ပါရှိသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် အိုင်အီးဒီဗုံးဖြင့် တိုက်ခိုက်ခံရ၍ ဗုဒ္ဓဟူးနေ့က သေဆုံးသွားကြောင်း ပြောကြားသော်လည်း ၎င်းတပ်ဖွဲ့ဝင်သည် မည်သည့်နိုင်ငံသားဖြစ်ကြောင်းကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိချေ။

တည်ငြိမ်မှုမရှိသော အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့စောစောပိုင်းက အခြားအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ကြေညာခဲ့သည်။ အေအက်ဖ်ပီသတင်းဌာနမှ ကောက်ခံရရှိချက်အရ ယခုနှစ်အတွင်း အမေရိကန်၌ သေဆုံးသော အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်သည် ယခုနောက်ဆုံးသေဆုံးသူ အပါအဝင် ၂၆၉ ဦးအထိ ရှိပြီဟုဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် တာလီဘန်သောင်းကျန်းသူများက အကြမ်းဖက်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ယင်းနိုင်ငံတွင် နိုင်ငံခြားသားတပ်ဖွဲ့ဝင် စုစုပေါင်း ၁၃၀၀၀ အခြေချ တပ်စွဲလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

နေပြည်တော်　　ဇွန်　　၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဖိတ်ကြားချက်အရ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီ ခေါင်းဆောင်သည့် အီရန်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၅ ရက်မှ ၁၇ ရက်အထိ ပြည်ထောင်စု မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်ခဲ့ကြသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီသည် ဇွန် ၁၆ ရက် နံနက် ၁၁ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ရေနံနှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဝန်ကြီး၏ ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီ ခေါင်းဆောင်သော အီရန် ကိုယ်စားလှယ်အဖွဲ့တို့အကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပကာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုလသမဂ္ဂ၊ ဘက်မလိုက်လှုပ်ရှားမှု စသည့် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြရေး ကိစ္စများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီတို့သည် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများ ထူထောင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က အီရန်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အမရာဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီခေါင်းဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၇ ရက်တွင် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြပြီး ရန်ကုန်မြို့၌ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အသင်းချုပ်၏ ရုံးခန်း၌ တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေး အပါအဝင် စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အီရန် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) နှင့် ရန်ကုန်မြို့ရှိ ရှီးယိုက် မွတ်စလင်ဗလီ ဝတ်ပြုကျောင်းတို့သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက် အလီ ဖာသိုလာဟီ ခေါင်းဆောင်သော အီရန် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော်　　ဇွန်　　၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တိုးအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၈-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၅၀ ၅။ မဟာဂီတ ချိုကြည်မြ
- ၅း၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ငါးရှဉ့်အကြောင်း တစေ့တစောင်း (အပိုင်း-၂)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ -သဒ္ဒါလွန် မေတ္တာ၊ ဂွမ်းပုံ၊ သန့်မျိုးဆွေ (ဒါရိုက်တာ-မိုးဇော်ကို)
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့သူရဲကောင်း (အပိုင်း-၂၁)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၅၅)**
- ၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ပဲခူးတိုင်း ဒိုက်ဦးမြို့ ဖအောင်ဝဲလမ်း ထိပ်တန်းမုန့်ဟင်းခါးဖို ပိုင်ရှင် ဒေါ်လွမ်းရီ (ခ) ဒေါ်အေးပုံ တစ်နှစ်ပြည့်ရည်စူး၍ ခင်ပွန်း ဦးကျော်လှိုင်မိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဘိုးဘွားသောက်သုံးရေလှောင်ကန်အတွက် ငွေကျပ်၂၅ သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ရက်တိုယာဉ်မောင်းသင်တန်းဖွင့်ပွဲ ဟင်္သာတ၌ ကျင်းပ

ဟင်္သာတ　ဇွန်　၁၇

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)မှ မော်တော်ဆိုင်ကယ်မောင်း ရက်တိုယာဉ်မောင်း သင်တန်းအမှတ်စဉ်(၉) ဖွင့်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာ ပေးဟောပြောပွဲကို ဇွန် ၃ ရက်က ခရိုင်ရုံး (ဟင်္သာတ)ဝင်းအတွင်း နံနက်ပိုင်းနှင့် ညနေပိုင်း နှစ်ကြိမ်ခွဲ၍ ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၂၁၄ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း**(အပေါ်ပုံ)**က မော်တော်ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ သတင်းဂျာနယ်များတွင်ပါရှိသော ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး မော်စကိုကြေညာစာတမ်းပါ အချက်အလက်များကို လည်းကောင်း၊ ဟင်္သာတခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ် ဦးထွန်းအောင်ချိုက ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်နေမှုတို့ကို လည်းကောင်း ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။

(ကညန)

ကျိုက်ထိုမြို့နယ်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

နေပြည်တော်　　ဇွန်　　၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျိုက်ထိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းအေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ဇွန် ၅ ရက်တွင် ကော့စံနိုင်ရပ်ကွက်၌ ရေမြောင်းများ တူးဖော်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်း၊ ရေကန်၊ ရေစည်၊ ရေအိုးများအတွင်း ပိုးလောက်လမ်းသေဆေးများ ခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကတ္တရာခင်းခြင်း ဆောင်ရွက်

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဘုရားလမ်း ကတ္တရာအသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးရဲလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကွမ်းခြံကုန်းမြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် တော်ပုလဲတံတားအနီး ရေမြောင်း၌ အမှိုက်နုန်းဆယ်ခြင်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

(18-6)05.pmd 1 6/18/2010, 2:17 AM

အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ) နှင့် မြန်မာနိုင်ငံ

တက္ကသိုလ်ဟန်စိုးဦး

၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁၄ ရက်ကနေ ၁၅ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ကျင်းပခဲ့တဲ့ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ-အေစီဒီ (Asia Cooperation Dialogue-ACD) ရဲ့ (၈) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးက အေစီဒီ စတင်တည်ထောင်ဖွဲ့စည်းခဲ့တဲ့ ဇွန် ၁၈ ရက်ကို အေစီဒီနေ့ (ACD Day) အဖြစ် သတ်မှတ်ခဲ့ပါတယ်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ) ကို အာရှတိုက်မှာရှိနေတဲ့ နိုင်ငံများအကြား အကျိုးတူကိစ္စရပ်တွေမှာ ညှိနှိုင်းဆွေးနွေးပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးမြှင့်သွားနိုင်ဖို့ ရည်ရွယ်ပြီး ၂၀၀၀ ပြည့်လွန်နှစ်တွေအတွင်းက စတင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။

၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ထိုင်းနိုင်ငံ ဖူးခက်မြို့မှာ ကျင်းပခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ အာရှတိုက်အတွင်း အာဆီယံကဲ့သို့ ဒေသဆိုင်ရာ အဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိနေကြသော်လည်း အာရှတိုက်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ အဖွဲ့ကြီး မရှိသေးတဲ့အတွက် အာရှတိုက်တစ်ခုလုံးကို ကိုယ်စားပြုမယ့် အေစီဒီဆွေးနွေးပွဲကို စတင်သွားသင့်ကြောင်း သဘောတူညီခဲ့ကြပါတယ်။ အေစီဒီမှာ အာရှနိုင်ငံများကိုသာ အဖွဲ့ဝင်အဖြစ် လက်ခံရန်နဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စများကိုသာ ဆွေးနွေးသွားရန်ကိုလည်း သဘောတူညီခဲ့ကြပါတယ်။

အေစီဒီဆွေးနွေးပွဲတွေရဲ့ အဓိကရည်မှန်းချက် (၄) ရပ်ကတော့-

- ➤ အာရှတိုက်အတွင်းရှိ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စွမ်းဆောင်နိုင်မှုကို အခြေခံပြီး အာရှတိုက်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊
- ➤ နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် အာရှတိုက်၏ စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်သွားရန်နှင့် အာရှတိုက်အတွင်း ဈေးကွက်များ ချဲ့ထွင်သွားရန်၊
- ➤ လူ့စွမ်းအားအရင်းအမြစ်နှင့် ကျွမ်းကျင်မှုများ၊ နည်းပညာများ အပြန်အလှန်ဖလှယ်သွားရန်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန်၊ သယ်ယူပို့ဆောင်မှုကွန်ရက်များ မြှင့်တင်သွားရန်၊
- ➤ အာရှတိုက်နိုင်ငံအချင်းချင်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်အမှီသဟဲပြုနေမှုကို မြှင့်တင်သွားရန်တို့ ဖြစ်ပါတယ်။

အေစီဒီဆွေးနွေးပွဲကို နိုင်ငံ ၁၈ နိုင်ငံတက်ရောက်မှုနဲ့ စတင်ခဲ့တာဖြစ်ပါတယ်။ အဲဒီ ၁၈ နိုင်ငံကတော့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘာရိန်းနဲ့ ကာတာနိုင်ငံတို့ဖြစ်ပါတယ်။

မူလက အေစီဒီဆွေးနွေးပွဲတွေကို အစိုးရအဖွဲ့အကြီးအကဲများအဆင့် အစည်းအဝေးအထိကျင်းပဖို့ ရည်မှန်းခဲ့ပေမယ့် လက်တွေ့မှာတော့ နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကိုသာ နှစ်စဉ် ကျင်းပပြုလုပ်လျက်ရှိပါတယ်။ အခုအချိန်အထိ အေစီဒီနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို (၈)ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါတယ်။

ပထမအကြိမ် အေစီဒီနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ထိုင်းနိုင်ငံ ချာအမ်းမြို့မှာ ၂၀၀၂ ခုနှစ် ဇွန် ၁၈ ရက်ကနေ ၁၉ ရက်အထိ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာအာဆီယံအဖွဲ့ဝင် နိုင်ငံများအပါအဝင် အာရှတိုက်နိုင်ငံစုစုပေါင်း ၁၇ နိုင်ငံ တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံကတော့ အဲဒီအချိန်မှာ အခြားအစည်းအဝေးတွေနဲ့ တိုက်ဆိုင်နေလို့ ကိုယ်စားလှယ် စေလွှတ်နိုင်ခဲ့ခြင်း မရှိပါဘူး။

ပထမအကြိမ်အစည်းအဝေးမှာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ အာရှတိုက်၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး၊ သယ်ယူပို့ဆောင်မှုအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အေစီဒီနိုင်ငံများအကြား ဖြစ်နိုင်ခြေရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများအဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဒုတိယအကြိမ်အစည်းအဝေးကို ထိုင်းနိုင်ငံ ဇင်းမယ်မြို့မှာ ၂၀၀၃ ခုနှစ် ဇွန် ၂၁ ရက်ကနေ ၂၂ ရက်အထိ ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ သီရိလင်္ကာ၊ ကူဝိတ်၊ အိုမန်နဲ့ ကာဇက်စတန် နိုင်ငံတို့ကို အေစီဒီအဖွဲ့ဝင်သစ်များအဖြစ် လက်ခံခဲ့လို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၂ နိုင်ငံဖြစ်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒုတိယအကြိမ် အေစီဒီအစည်းအဝေးကစတင်ပြီး ဝန်ကြီး (သို့မဟုတ်) ဒုတိယဝန်ကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့များ စဉ်ဆက်မပြတ် ပါဝင်တက်ရောက်ခဲ့ပါတယ်။

တတိယအကြိမ်အစည်းအဝေးကို တရုတ်နိုင်ငံ ချင်းဒေါင်းမြို့မှာ ၂၀၀၄ ခုနှစ် ဇွန်၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ မွန်ဂိုလီးယား၊ ဘူတန်၊ အီရန်နဲ့ အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)တို့ကို အဖွဲ့ဝင်နိုင်ငံများအဖြစ် ထပ်မံတိုးချဲ့ လက်ခံခဲ့တဲ့အတွက် အေစီဒီအဖွဲ့ဝင်နိုင်ငံစုစုပေါင်း ၂၆ နိုင်ငံရှိလာခဲ့ပါတယ်။

စတုတ္ထအကြိမ်အစည်းအဝေးကို ပါကစ္စတန်နိုင်ငံ အစ္စလာမာဘတ်မြို့မှာ ၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ရုရှားနဲ့ ဆော်ဒီအာရေဗျနိုင်ငံတို့ ထပ်မံအဖွဲ့ဝင် ဖြစ်လာခဲ့တဲ့အတွက် အေစီဒီအဖွဲ့ဝင်အင်အားဟာ ပိုမိုတိုးတက်လာခဲ့ပါတယ်။

ပဉ္စမအကြိမ် အစည်းအဝေးကို ၂၀၀၆ ခုနှစ် မေ ၂၃ ရက်မှ ၂၄ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့မှာ ကျင်းပခဲ့ပြီး ၎င်းအစည်းအဝေးမှာ တာဂျစ်ကစ္စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံတို့ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဇွန် ၄ ရက်မှ ၆ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှ ကျင်းပခဲ့ပါတယ်။ သတ္တမအကြိမ် အစည်းအဝေးကို ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့မှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ ကာဂျစ်စတန်နိုင်ငံကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မော်ရိုကိုနိုင်ငံကို အေစီဒီရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်နိုင်ငံအဖြစ် လည်းကောင်း တိုးချဲ့လက်ခံခဲ့တဲ့အတွက် အေစီဒီမှာ အဖွဲ့ဝင်နိုင်ငံစုစုပေါင်း ၃၁ နိုင်ငံနဲ့ မိတ်ဖက်နိုင်ငံ တစ်နိုင်ငံရှိလာခဲ့ပါတယ်။ အဋ္ဌမအကြိမ် အစည်းအဝေးကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှာ ကျင်းပခဲ့ပါတယ်။

အေစီဒီမှာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီး ၂၀ ခု သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွေခွဲခြားသတ်မှတ်ထားရာမှာ အေစီဒီအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မိမိတို့စိတ်ဝင်စားမှုနဲ့ ဘာသာရပ်ကျွမ်းကျင်မှုအပေါ်အခြေခံပြီး ကဏ္ဍအလိုက် ဦးဆောင်လှုပ်ရှားသူများ (Prime Movers) အဖြစ် မိမိဆန္ဒအလျောက် တာဝန်ယူဆောင်ရွက်လျက်ရှိကြပါတယ်။ ဦးဆောင်လှုပ်ရှားသူများဟာ မိမိတို့ တာဝန်ယူထားတဲ့ကဏ္ဍအလိုက် အစည်းအဝေးတွေကို အခါအားလျော်စွာ ခေါ်ယူကျင်းပပါတယ်။ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို မိမိတို့တစ်နိုင်ငံချင်းရဲ့ စိတ်ပါဝင်စားမှုနဲ့ စိတ်ဆန္ဒအလျောက်သာ ပါဝင်ကြတာဖြစ်တဲ့အတွက် အဲဒီကဏ္ဍတွေအပေါ် ဆုံးဖြတ်ချက်ချမှတ်ရာမှာ အေစီဒီအဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ တူညီဆန္ဒရရှိဖို့ မလိုအပ်ပါဘူး။

အေစီဒီဟာ အာရှတိုက်အတွင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ လူ့စွမ်းအားမြှင့်တင်ရေးလုပ်ငန်း၊ အီလက်ထရွန်နစ်ပညာရေးနဲ့ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို မြှင့်တင်သွားနိုင်ဖို့ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အဓိကပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီးတွေကတော့-

စွမ်းအင်လုံခြုံရေး-စွမ်းအင်လုံခြုံရေးကဏ္ဍကို တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကာဇက်စတန်၊ ကာတာနဲ့ ဘာရိန်းနိုင်ငံတို့က ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပထမအကြိမ် စွမ်းအင်ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၀၅ ခုနှစ် စက်တင်ဘာလအတွင်းက အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ စွမ်းအင်လုံခြုံရေး၊ သုတေသနနှင့် စွမ်းအင်ဆိုင်ရာ သုံးသပ်ခန့်မှန်းရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေနံမှရရှိတဲ့ဝင်ငွေနဲ့ ပြန်လည်ရင်းနှီးမြှုပ်နှံရေး စတဲ့ကိစ္စတွေဆောင်ရွက်ဖို့ စွမ်းအင်ဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲချမှတ်နိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ကို တာဝန်ပေးအပ်ထားပါတယ်။

ဘဏ္ဍာရေး-ဘဏ္ဍာရေးကဏ္ဍကို ထိုင်းနိုင်ငံက ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ စွမ်းအင် (ရေနံ၊ သဘာဝဓာတ်ငွေ့)မှ ရရှိတဲ့ ဝင်ငွေ၊ အထူးသဖြင့် စွမ်းအင်တင်ပို့ရောင်းချတဲ့ နိုင်ငံတွေအနေနဲ့ အေစီဒီအဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံကြရန်၊ အာရှငွေချေးစာချုပ်ဈေးကွက် (Asia Bond Markets) ကို ထိရောက်စွာအကောင်အထည်ဖော်ခြင်းဖြင့် အာရှတိုက်ရဲ့ ငွေကြေးဈေးကွက် တည်ငြိမ်မှုရရှိစေပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာစိုက်ပျိုးရေး-တရုတ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံတို့က ဦးဆောင်လှုပ်ရှားလျက် ရှိပါတယ်။ လယ်ယာမူဝါဒများဖလှယ်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးမှုနည်းလမ်းသစ်များ လွှဲပြောင်းပေးရေး၊ လယ်ယာကဏ္ဍ အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လယ်သမားများအား စိုက်ပျိုးရေးနည်းပညာဖြန့်ဝေရေးတို့ကို ဆောင်ရွက်ရန်အတွက် အဆိုပြုချက်တွေကို တရုတ်နိုင်ငံက တင်ပြထားပါတယ်။ အေစီဒီနိုင်ငံများအကြား လယ်ယာထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုမြှင့်တင်ကြဖို့လည်း နှိုးဆော်ထားပါတယ်။ လယ်ယာကဏ္ဍစီမံကိန်းများအတွက် အေစီဒီဘောင်အတွင်းမှ ငွေကြေးအကူအညီ အထောက်အပံ့များ ရယူနိုင်မယ့်နည်းလမ်းတွေကို ရှာကြံအသုံးချသွားဖို့လဲ တိုက်တွန်းထားပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံအနေနဲ့ ကမ္ဘာ့စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးဆိုင်ရာ စီမံကိန်းတွေအတွက် ဆော်ဒီအာရေဗျရန်ပုံငွေတစ်ရပ်ကို အမေရိကန်ဒေါ်လာသန်း ၅၀၀ကျော်နဲ့ မတည်ထူထောင်သွားမယ်လို့ ၂၀၀၈ ခုနှစ်အတွင်း ကာဇက်စတန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ သတ္တမအကြိမ် အေစီဒီနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ ထုတ်ဖော်ကြေညာခဲ့ပါတယ်။

ခရီးသွားလုပ်ငန်း-ကမ္ဘောဒီးယား၊ မြန်မာ၊ ပါကစ္စတန်နဲ့ ထိုင်းနိုင်ငံတို့က ဦးဆောင်လှုပ်ရှားလျက်ရှိပါတယ်။ ခရီးသွားကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းပြမြေပုံတစ်ရပ် ရေးဆွဲထားရှိပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းထားပါတယ်။ လမ်းပြမြေပုံအရ အာရှတိုက်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသွားများလုံခြုံရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရန်ဖြစ်ပါတယ်။

အီလက်ထရွန်နစ်ပညာရေး-မလေးရှားနိုင်ငံက တာဝန်ယူပြီး ဦးဆောင်လှုပ်ရှားလျက်ရှိပါတယ်။ အာရှတိုက်နိုင်ငံများအကြား လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအဆင့်ကွာဟချက် ကျဉ်းမြောင်းလာစေရေးနဲ့ အဆင့်မြင့်ပညာကို ကျောင်းသားတိုင်း လက်လှမ်းမီရေးတို့ကို ဦးတည်ရည်ရွယ်ပြီး ကွာလာလမ်ပူမြို့မှာ အာရှအီလက်ထရွန်နစ်ပညာရေးတက္ကသိုလ် (Asia e-University) တစ်ခုကို မလေးရှားရင်းဂစ် သန်း ၁၀၀ အကုန်အကျခံပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာလက စတင်ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ အဲဒီတက္ကသိုလ်ရဲ့ ဘွဲ့လွန်သင်တန်းတွေမှာ ယခုအခါ သင်တန်းသား ၆၀ ကျော် စာရင်းပေးသွင်းတက်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းမှုပညာပေးရေး-ဂျပန်နိုင်ငံကဦးဆောင်လှုပ်ရှားလျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ UN Decade of Education for Sustainable Development ကို အကောင်အထည်ဖော်တဲ့အနေနဲ့ တတိယအကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဆွေးနွေးပွဲကို ဂျပန်နိုင်ငံမှာ ၂၀၀၆ ခုနှစ် ဇွန်လအတွင်း ကျင်းပခဲ့ပါတယ်။

သတင်းအချက်အလက်နည်းပညာ-တောင်ကိုရီးယားနိုင်ငံက ဦးဆောင်လှုပ်ရှားလျက်ရှိရာမှာ အေစီဒီအဖွဲ့ဝင် နိုင်ငံများရဲ့ IT နည်းပညာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နဲ့ အေစီဒီနိုင်ငံများအချင်းချင်း IT နည်းပညာ ကွာဟချက် ကျဉ်းမြောင်းလာစေဖို့အတွက် ကိုရီးယားနိုင်ငံရဲ့ ဆောင်ရွက်ချက်တွေမှာ အေစီဒီအဖွဲ့ဝင်နိုင်ငံများက ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းထားပါတယ်။

သဘာဝဘေးအန္တရာယ်တားဆီးရေး-ရုရှားနိုင်ငံဟာ အေစီဒီအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက်ပိုင်း သဘာဝဘေးအန္တရာယ် တားဆီးရေးကဏ္ဍကို တာဝန်ယူထားပြီး ACD Cooperation in Early Warning and Emergency Relief Concept Paper တစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ဆင်းရဲနွမ်းပါးမှုပပျောက်ရေး-ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကိစ္စများကို ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဦးဆောင်လှုပ်ရှားလျက်ရှိရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူမှုရေးလုပ်ငန်းများ၊ အထူးသဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ သတင်းအချက်အလက်များနှင့် အတွေ့အကြုံကောင်းများ ဖလှယ်သွားရန်၊ ရန်ပုံငွေစုဆောင်းရှာဖွေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းထားပါတယ်။ အထူးသဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ် ရည်မှန်းချက်များမှာပါရှိတဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကို ဦးတည်ချက်ထားရှိပါတယ်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး-ဗီယက်နမ်နိုင်ငံက တာဝန်ယူထားပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံနှင့် နည်းနာများဖလှယ်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး ဆက်နွှယ်နေမှုကို အသိအမှတ်ပြုဆောင်ရွက်သွားကြရန်၊ ယင်းအတွက် ဗီယက်နမ်နိုင်ငံမှ အဆိုပြုတင်ပြထားသည့် Community Vocational Training Centres for Human Resource Development ကို ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ရန် တင်ပြထားပါတယ်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေး-စင်ကာပူနဲ့ သီရိလင်္ကာနိုင်ငံတို့မှ ဦးဆောင်သူများအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ SME လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းဌာနများအချင်းချင်း အတွေ့အကြုံများဖလှယ်ခြင်းနှင့် အကောင်းဆုံးသောလုပ်ဆောင်ချက်များ အပြန်အလှန်မျှဝေခြင်းဖြင့် SME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများနှင့် နည်းဗျူဟာများရေးဆွဲချမှတ်လျက် အေစီဒီအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးဖို့ ရည်ရွယ်ပါတယ်။

အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ အေစီဒီ စတင်တည်ထောင်ဖွဲ့စည်းခဲ့တဲ့ နိုင်ငံ ၁၈ နိုင်ငံမှာ ပါဝင်ခဲ့ပါတယ်။

အေစီဒီရဲ့ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီး ၂၀ အနက် မြန်မာနိုင်ငံဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍမှာ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့နဲ့အတူ ပူးတွဲဦးဆောင်သူအဖြစ် ဆောင်ရွက်လျက်ရှိပြီး သယ်ယူပို့ဆောင်ရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အိန္ဒိယနိုင်ငံနဲ့အတူ ပူးတွဲဦးဆောင်သူအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိနေပါတယ်။

၁၉၉၇ ခုနှစ်မှာ အာရှငွေကြေးအကျပ်အတည်း ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဆက်တိုက်ပေါ်ပေါက်လာခဲ့တဲ့ ရိုက်ခတ်မှုတွေကနေ အာရှဒေသ ခေါင်းဆောင်တွေဟာ သင်ခန်းစာတစ်ရပ် ရရှိခဲ့ကြပါတယ်။ အဲဒီသင်ခန်းစာကတော့ အာရှဒေသရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခက်အခဲ အကျပ်အတည်းတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေအကြား ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့်သွားဖို့ လိုအပ်လာပြီဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အဲဒီအချက်ကပဲ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာစေဖို့ တွန်းအားပေးခဲ့တာဖြစ်ပါတယ်။

၂၀၀၂ ခုနှစ်မှာ အဖွဲ့ဝင် ၁၈ နိုင်ငံနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)ဟာ တစ်နှစ်ထက်တစ်နှစ် အဖွဲ့ဝင်နိုင်ငံတွေ တိုးတက်များပြားလာခဲ့ရာမှာ သက်တမ်း ရှစ်နှစ်အတွင်း အဖွဲ့ဝင် ၃၁ နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းလာနိုင်ခဲ့ပါတယ်။ အေစီဒီအဖွဲ့ဝင်နိုင်ငံတွေကို ကြည့်ရင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ တောင်အာရှဒေသက ငါးနိုင်ငံ၊ အာရှအနောက်ဘက်ခြမ်းနဲ့ အရှေ့အလယ်ပိုင်းဒေသမှ ၁၁ နိုင်ငံနဲ့ အရှေ့မြောက်အာရှဒေသက ငါးနိုင်ငံတို့ ပါဝင်လျက်ရှိတဲ့အတွက် အာရှတိုက်ရဲ့ ဒေသခွဲစုံပါဝင်တဲ့ အကျယ်ပြန့်ဆုံး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတစ်ခုဖြစ်တာကို တွေ့မြင်နိုင်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

◆ **ကျောဖုံးမှ**

အာဂျင်တီးနားအသင်းဟာ တောင်ကိုရီးယားအသင်းထက် အစစအရာရာ သာလွန်မှုရှိနေတာကြောင့် ပွဲချိန် ၁၆ မိနစ်မှာပင် အာဂျင်တီးနားအသင်းက ပြစ်ဒဏ်ဘောကန်ရာ တောင်ကိုရီးယားအသင်းမှ ပက်ချူယောင်နဲ့ထိပြီး ဂိုးဝင်သွားခဲ့တာကြောင့် အာဂျင်တီးနားတို့ အဖွင့်ဂိုးရရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ အာဂျင်တီးနားအသင်းကပဲ အနိုင်ဂိုးထပ်မံရရှိရေး တိုက်စစ်ဆင်လာတာကြောင့် ပွဲချိန် ၃၃ မိနစ်မှာ တိုက်စစ်မှူးဟီဂွာရင်က ဒုတိယဂိုးကို သွင်းယူနိုင်ခဲ့ပြန်ပါတယ်။ ဒါပေမယ့် ပထမပိုင်း နာကျင်အချိန်ပိုတစ်မိနစ်မှာ အာဂျင်တီးနားနောက်ခံလူ ဒီမစ်ချယ်လီရဲ့ အမှားကနေ တောင်ကိုရီးယားကစားသမားလီချောင်ယန် ဘောလုံးရသွားပြီး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တာကြောင့် ပထမပိုင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ပြီးဆုံးစေခဲ့ပါတယ်။

ဒုတိယပိုင်းမှာလည်း အာဂျင်တီးနားအသင်းက မက်ဆီ၊ တီဗက်ဇ်၊ မာရှေးယားနိုနဲ့ ဟီဂွာရင်တို့ရဲ့တွဲလုံးနဲ့ ထိုးဖောက်မှုကို တောင်ကိုရီးယားအသင်း နောက်တန်း တောင့်မခံနိုင်ဘဲ ၇၆ မိနစ်နဲ့ မိနစ် ၈၀ တို့မှာ ဟီဂွာရင်ကပင် ဂိုးများဆက်တိုက် သွင်းယူခဲ့တာကြောင့် ပွဲအပြီးမှာ အာဂျင်တီးနားအသင်းက တောင်ကိုရီးယားအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲရဲ့အကောင်းဆုံး ကစားသမားဆုကိုတော့ အာဂျင်တီးနားအသင်းမှ ဟီဂွာရင်က ရရှိသွားပါတယ်။

(၁၉) ကြိမ်မြောက် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မြင်ကွင်း



အာဂျင်တီးနားအသင်းမှ တိုက်စစ်မှူး ဟီဂွာရင် ခေါင်းတိုက်ဂိုးသွင်းယူစဉ်။



ဂါရီ ၂-၁ နိုင်ဂျီးရီးယား

ယနေ့ညရဲ့ ဒုတိယပွဲစဉ်အဖြစ် ဂရိနဲ့ နိုင်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂရိက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဂရိအတွက်ဂိုးများကို ပွဲချိန် ၄၄ မိနစ်မှာ ဆယ်ပင်ဂီဒစ်နဲ့ ၇၁ မိနစ်မှာ တိုရိုစီဒစ်တို့က သွင်းယူပေးခဲ့တာဖြစ်ပြီး နိုင်ဂျီးရီးယားအတွက်ဂိုးကို ၁၆ မိနစ်မှာ အူချီက သွင်းယူပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ နိုင်ဂျီးရီးယားကစားသမား ကီတာ အနီကတ်ပြအထုတ်ခံခဲ့ရပါတယ်။

တောင်အာဖရိက ၀-၃ ဥရုဂွေး

ကြာသပတေးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ တောင်အာဖရိကအသင်းနဲ့ ဥရုဂွေး အသင်းတို့ပွဲမှာ ဥရုဂွေးအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ဥရုဂွေးအသင်းအတွက် ဂိုးများကို ပွဲချိန် ၂၄ မိနစ်မှာ ဖော်လန်က ပယ်နယ်တီမှ သွင်းယူခဲ့ပြီး မိနစ် ၈၀ မှာ ဖော်လန်ကပင် ဒုတိယဂိုးနဲ့ နာကျင်အချိန်ပို ငါးမိနစ်မှာ ပီရီယာက တတိယဂိုးတို့ကို သွင်းယူပေးခဲ့ပါတယ်။

နာမည်ကြီး အင်္ဂလန်အသင်း မြစ်မနေနိုင်ပွဲရှာရတော့မည်

ဝင်းတင် (ကြေးမုံ)

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၁၈ ရက် (ယနေ့) ညမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ရာ အုပ်စု (D) မှ ဂျာမနီအသင်း နိုင်ပွဲဆက်ဖွယ်ရာရှိနေပြီး နာမည်ကြီး အင်္ဂလန်အသင်းကတော့ အုပ်စုတက်ရေး မဖြစ်မနေ နိုင်ပွဲရှာရတော့မှာ ဖြစ်ပါတယ်။

ဂျာမနီ-ဆာဘီးယား
၁၈-၆-၂၀၁၀ (သောကြာနေ့)
ညနေ ၆ နာရီ

အုပ်စု (D) မှ ဂျာမနီနဲ့ ဆာဘီးယားတို့မှာ တစ်ပွဲစီကစားထားပြီးဖြစ်ရာ ဂျာမနီက သုံးမှတ်ရရှိထားပြီး ဆာဘီးယားကတော့ အမှတ်မရရှိသေးပါဘူး။ ဂျာမနီအသင်းက ဒီပွဲနိုင်ရင် အုပ်စုကတက်ဖို့ သေချာသလောက် ရှိနေတာကြောင့် အနိုင်သေချာစေရေး လူစုံထုတ်ကစားလာမှာပါ။ ဆာဘီးယား နောက်တန်းမှာ ဗီဒစ်နဲ့ အီဗန်နိုဗစ်တို့ ရှိနေပေမယ့် ပိုဒေါစကီး၊ မူလား၊ ကာကူးနဲ့ ကလိုဆေးတို့လို ကစားသမားကောင်းတွေ ရှိနေတဲ့ ဂျာမနီတိုက်စစ်ကို ကြာကြာ တောင့်ခံနိုင်မယ်မထင်ပါဘူး။ ဂျာမနီအသင်းပဲ အနိုင်သုံးမှတ်ရအောင် ဖော်ဆောင်သွားနိုင်ဖို့ ရှိနေပါတယ်။

ဆလိုဗေးနီးယား-အမေရိကန်
၁၈-၆-၂၀၁၀ (သောကြာနေ့)
ည ၈း၃၀ နာရီ

ဆလိုဗေးနီးယားအသင်း သုံးမှတ်ရရှိထားပေမယ့် အမေရိကန်ကတော့ တစ်မှတ်ပဲရရှိထားပါသေးတယ်။ ဒီနှစ်သင်းမှာ တစ်ဦးချင်းကျွမ်းကျင်တဲ့ ထူးချွန်ကစားသမားတွေ မရှိသလို ခြေစွမ်းပိုင်းကလည်း ကွာခြားမှု ကျဉ်းမြောင်းလှတာကြောင့် သရေကျဖို့ ရာနှုန်းများနေပါတယ်။

အင်္ဂလန်-အယ်လ်ဂျီးရီးယား
၁၉-၆-၂၀၁၀ (သောကြာနေ့)
နံနက် ၁ နာရီ

ပထမပွဲစဉ်မှာ အင်္ဂလန်အသင်းဟာ အမေရိကန်အသင်းနဲ့ သရေကျထားတာကြောင့် ဒီပွဲမှာ မဖြစ်မနေ နိုင်ပွဲရှာဖို့ လိုအပ်လာပါပြီ။ နာမည်ကြီးသလောက် ခြေစွမ်းပြနိုင်မှုမရှိတဲ့ အင်္ဂလန်ဟာ ဒီပွဲမှာအချိန်မီ ပြုပြင်လာနိုင်ပါမှ အုပ်စုကို ကျော်ဖြတ်နိုင်မှာပါ။ အယ်လ်ဂျီးရီးယားအသင်းဟာ အမှတ်မရရှိသေးသလို ခြေစွမ်းပိုင်းကလည်း သာမန်ထက် မပိုတာကြောင့် အင်္ဂလန်အသင်း ဒီတစ်ကြိမ်တော့ နိုင်ပွဲတွေ့သွားမှာပါ။

✿ **စာမျက်နှာ ၆ မှ**

အေစီဒီဆွေးနွေးပွဲဟာ အဖွဲ့ဝင်နိုင်ငံတွေအကြား စီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမှာ ကျယ်ပြန့်စွာဖော်ဆောင်သွားခြင်းအားဖြင့် အဖွဲ့ဝင်အာရှနိုင်ငံအချင်းချင်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ပြီး အာရှအသိုက်အဝန်းတစ်ရပ် တည်ထောင်သွားနိုင်ဖို့အထိ ရည်မှန်းထားရှိပါတယ်။ ဒီရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ အပြုသဘောဆောင်သောအမြင်ထားရှိမှု၊ ပွင့်လင်းမှုရှိပြီး အားလုံးပါဝင်နိုင်မှု၊ အလွတ်သဘောဆောင်မှုနဲ့ ဖြည်းဖြည်းမှန်မှန် ဆောင်ရွက်မှုတွေကို လုပ်ငန်းအခြေခံမှုများအဖြစ် သတ်မှတ်ထားရှိပါတယ်။

အေစီဒီမှာ လက်ရှိအားဖြင့် အာရှတိုက်က နိုင်ငံတွေအားလုံး ပါဝင်လာခြင်းမရှိသေးပေမယ့် အာဆီယံအဖွဲ့ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံစတဲ့ စီးပွားရေးနဲ့ နိုင်ငံရေးအရ အင်အားကြီးနိုင်ငံတွေ ပါဝင်နေတဲ့အတွက်ရယ်၊ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံနှစ်ပုံကို ကိုယ်စားပြုနေတယ်ဆိုတဲ့ အချက်တွေကိုကြည့်ရင် အေစီဒီဟာ အာရှတိုက်အတွက်သာမကဘဲ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အရေးပါတဲ့ ဆွေးနွေးပွဲတစ်ခုဆိုတာ ထင်ရှားပါတယ်။ တစ်နည်းအားဖြင့် အေစီဒီဟာ အာရှဒေသခေါင်းဆောင်များရဲ့ မျှော်မှန်းချက်တွေကို လက်တွေ့အကောင်အထည်ပေါ်လာစေမယ့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ပါတယ်။

အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒနဲ့အညီ ကမ္ဘာ့နိုင်ငံများအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံဟာ အေစီဒီအဖွဲ့ကြီး စတင်ဖွဲ့စည်းတည်ထောင်တဲ့ အဖွဲ့ဝင်နိုင်ငံ (Founding member country) ဖြစ်တာနဲ့အညီ အေစီဒီအစည်းအဝေးများမှာ တက်ကြွစွာပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အေစီဒီဆွေးနွေးမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများမှာ ဆက်လက်ပါဝင်သွားခြင်းအားဖြင့် နိုင်ငံတော်အတွက် အကျိုးရှိမယ့်ကဏ္ဍတွေမှာ ဒေသတွင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဖော်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ အလားတူ ဒေသတွင်းနဲ့ နိုင်ငံတကာ မျက်နှာစာမှာ မြန်မာနိုင်ငံရဲ့ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍကိုလည်း ပိုမိုမြှင့်တင်သွားနိုင်မှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကြည့်ရှုစစ်ဆေး

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့ မေ ၂ရက်က ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းတွင် နွေရာသီရေရှားပါးချိန်၌ မြစ်ရေအားတိုက်ရိုက်ဖြန့်ဖြူးပေးနိုင်ရန် ဝယ်ယူထားရှိသည့် အင်ဂျင်၊ ပန့်၊ ပိုက်နှင့် ရေပေးရေးဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၃၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၇

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၃၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ချမ်းမြဆောင်း(ကလော)၊ မင်းသန်းမင်း(မင်းကင်း)၊ မြတ်ဘုန်း(တပ်ကုန်း)၊ခမ်းစုဝင်းကြည်(သီပေါ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မောင်သာချစ်(ဝက်လက်)၊ ညိုလွမ်းအောင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကျော့ဝင်း(မိုးညှင်း) တို့၏ အဖွင့်ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ လှထွန်း(တွံတေး)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သာနိုင်အောင်(ကျိုက်မရော)၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ မောင်ညိုအေး(မောရဝတီ)၊ မြမျက်ရှင်၊ အောင်ဇင်၊ မြတ်ဦး၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်စိုးယဉ်၊ ဒီဒိုင်း(ပြန်/ဆက်)၊ မောင်ပြုံးမြင့်(ဘီလူးမြို့)၊ မြင့်သူရ၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ)၊ သက်ဦးနိုင်(မြဝတီ)၊ နိုင်မျိုးသစ္စာ(နမ္မတူ)၊ ကိုဇော်ဝင်း(လှတော)၊ တွန်းအားရှင်၊ အေးဖေ(ပန်းတောင်း)၊ သွဲ့ထားညို(သက္ကလ)၊ ရင်ရင်မော်(အာမခံ)၊ မင်းဦး(ဒဿန)၊ ရွှေကိုဦး၊ မောင်တင်ယု၊ ကချင်မြေငှက်ခါး၊ မောင်ဒင်၊ သော်သော်(M.D.Y)၊ ဝင်းသစ္စာ(သမ္ဘူလ)၊ဇာနည်၊ နှင်းသုန္ဒရီ(ဇီးကုန်း)၊ လူမွန်(ပခုက္ကူ)၊ မင်းနိုင်လေး(လမ်းမတော်)၊ မင်းဝတီမိုး၊ ကိုပြည်(မြေလတ်)၊ နတ်မောက်ကြည်မြိုင်၊ မောင်ဒေါင်းဆွေ (ရွှေဇာမြေ)၊ ပျော်ဘွယ်မောင်အေး၊ အောင်ထွန်းလင်း(ချောက်)၊ ညောင်ရွှေခင်မောင်မြ၊ သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)၊ နေဦးမောင်(ပခုက္ကူ)၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ ကိုကိုအောင်(မြကန်သာ)၊ ကျုံမငေးစိမ်းသူ့ဆွေ ၊ သန့်စင်လတ်(ပညာရေး)၊ ပန်းတနော်နောင်လတ်၊ မိုးညှင်းသစ္စာ၊ ကျော်(စက်မှု)၊ ဖိုးသား(ဟိုပင်)၊ ပန်းတနော်စောလွင်၊ ဩစူး(သောင်ကြီးမြောက်)၊ စံသူမြတ်(သုံးဆယ်)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာပန်းရုံရိပ်၊ ကလေးတို့အတွက်ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့စာပန်းချီ၊ ရုပ်ရှင်အနုပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာမြင်ကွင်း၊ သတင်းကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ရှိ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁)၊ ၅၂၉-၅၃၁ စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်းဆရာအတတ်သင်ရှေ့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ငရုတ်သီးမှုန့်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော ငရုတ်သီးအရောင်တင်မှုန့်များကို ဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များသည် ငရုတ်သီးမဟုတ်သည့် အမှုန့်များကိုရောနှော၍ အနီရောင်ဆိုးထားခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် စားသုံးရန်မသင့်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်အတုများ၊ ရောစပ်ထားသောအစားအသောက်၊ စံမညီအစားအသောက်များကို မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်
၁	ငရုတ်သီးအရောင်တင်မှုန့်	ဗိုလ်မ
၂	ငရုတ်သီးအရောင်တင်မှုန့်	အောင်သူမြ
၃	ငရုတ်သီးအရောင်တင်မှုန့်	ရွှေဆင်မင်း
၄	ငရုတ်သီးအရောင်တင်မှုန့်	သင်းသင်းမွှေး
၅	ငရုတ်သီးအရောင်တင်မှုန့်	ပိုင်
၆	ငရုတ်သီးအရောင်တင်မှုန့်	ထူးကောင်း
၇	ငရုတ်သီးအရောင်တင်မှုန့်	ခြသေ့်
၈	ငရုတ်သီးအရောင်တင်မှုန့်	နေတိုး

ကျန်းမာရေးဝန်ကြီးဌာန

လင်းခေးမြို့နယ်နှင့်ကျောက်ကြီးမြို့နယ်တို့၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းများကြောင့် အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၇

ရှမ်းပြည်နယ် လင်းခေးမြို့နယ် နောင်ဩကျေးရွာနေ ဒေါ်နန်းတောက်၊ သားဖြစ်သူအိုက်ခမ်း၊ ဒေါ်နန်းလုနှင့် အဖော်နှစ်ဦး စုစုပေါင်းငါးဦးသည် ဇွန် ၈ရက် နံနက်ပိုင်းတွင် ဟင်းသီးဟင်းရွက်ခူးရန် ရွာမှထွက်လာစဉ် ကားလမ်းဘေး၌ သောင်းကျန်းသူများထောင်ထားသည့် တိုက်မိုင်းတစ်လုံးအားတိုက်မိခဲ့သဖြင့် ဒေါ်နန်းတောက်တို့သားအမိ နှစ်ဦးသေဆုံးပြီး ဒေါ်နန်းလုတွင် ယာပေါင်၊ ဝဲလက်၊ ယာလက်မောင်းတို့၌ ဒဏ်ရာများရရှိခဲ့ကြောင်း ဒဏ်ရာရလူနာအား ဟိုမိန်းဆေးရုံသို့ ပို့ဆောင်၍ဆေးကုသပေးလျက် ရှိကြောင်းသိရှိရသည်။

ထို့အတူ ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကျွန်းပင်ဆိပ်ကျေးရွာနှင့် မြောင်းရိုးကြီးကျေးရွာသွားလမ်းဘေး၌ ဇွန် ၁၃ရက် ည ၈နာရီကျော်ခန့်တွင် ကျွန်းပင်ဆိပ်ကျေးရွာနေ အောင်ဝင်းဗိုလ်သည် အဖော်တစ်ဦးနှင့်အတူ သားငါးရှာရန်သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေကျင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် မုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြစ်မင်းရေ၏ အတားအဆီးတစ်ခုဖြစ်သည့် ရေလယ်ကျွန်းပေါ်၌လည်း ရေလယ်တိုင်များ ဤသို့ တည်ဆောက်နေကြသည်။

❒ မြန်မာနိုင်ငံ၏မှ

ကားလမ်းတံတားအရှည် စုစုပေါင်း ၁၃၄၆၅ ပေနှင့် မီးရထားလမ်းတံတား အရှည်စုစုပေါင်း ၁၉၄၅၇ပေ ရှိပြီး ပင်မ တံတားအရှည်မှာ ၁၁၄၃၁ ပေ ဖြစ်သည်။ ပခုက္ကူဘက်ကမ်းရှိ ချဉ်းကပ်တံတား(ကားလမ်း)မှာ ၁၃၇၈ ပေ ရှိပြီး ချဉ်းကပ်တံတား (မီးရထားလမ်း)မှာ ၄၂၂၆ ပေပါဝင်သည်။ ထို့အတူ ညောင်ဦးမြို့ လက်ပန်ခြေပေါ်ဘက်ကမ်းရှိ ချဉ်းကပ်တံတား(ကားလမ်း)မှာ ၆၅၆ ပေရှိကာ ချဉ်းကပ်တံတား (မီးရထားလမ်း) မှာ ပေ ၃၈၀၀ ဖြစ်သည်။

နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေနှင့် ရထားလမ်းအကျယ် ၁၄ ပေရှိပြီး လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ခြောက်ပေနှင့် ခြောက်လက်မ ဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၂ ပေရှိသည်။

တံတားအမျိုးအစားမှာ တံတားအုတ်မြစ်နှင့် အောက်ထည်က သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင် ဖြစ်သည်။

တံတားအောက်ခြေထည် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတံတားအပေါ်ထည် တည်ဆောက်ခြင်းလုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲခြားဆောင်ရွက်လျက်ရှိရာ ပင်မတံတားအောက်ခြေထည် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ တံတားတစ်စင်းလုံး၏ ၄၁ ရာခိုင်နှုန်းခန့်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။

ပင်မတံတားအပေါ်ထည် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဆောက်လုပ်ခဲ့သော မြစ်ကူးတံတားကြီး

မကွေးတိုင်း ပခုက္ကူမြို့နယ် ပခုက္ကူဘက်ကမ်းရေလယ်၌ ရေလယ်တိုင်များကို နေ့မအား ညမနား ဇက်ရေယာဉ်နှင့် ကရိန်းများ အသုံးပြုကာ ကွန်ကရစ်အုတ်မြစ်သွန်းလောင်းနေသည့် ကာယ ဉာဏ ဝန်ထမ်းများကလည်း အားကြိုးမာန်တက်။

များအနက် သံလွင်တံတား (မော်လမြိုင်)သည် စုစုပေါင်းပေအရှည် ၁၁၅၇၅ ပေရှိ၍မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားအဖြစ် မှတ်တမ်းဝင်ခဲ့ဖူး၏။

ယခုတည်ဆောက်ဆဲ ဧရာဝတီတံတား (ပခုက္ကူ)ကား စုစုပေါင်းပေအရှည် ၁၉၄၅၇ ပေရှိ၍ တံတားကြီးပြီးစီးပါက မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးအဖြစ် သမိုင်းဝင်မည့်မှတ်တမ်းအသစ်ကို ထပ်မံရေးထိုးနိုင်တော့မည်ဟု ဆိုရဖြိမ့်မည်။

ကားလမ်းသာမက ရထားလမ်းပါ ယှဉ်တွဲပါဝင်ပြီး အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး (INDIA - MYANMAR- THAI Tripartite Highway) ပေါ်တွင်တည်ရှိနေသောကြောင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ သားစဉ်မြေးဆက်အကျိုးရှိစေမည်မှာ အမှန်ပင် ဖြစ်သည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် ဦးစွာ ပခုက္ကူဘက်ကမ်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်လေ့လာခဲ့ကြသည်။ ပခုက္ကူဘက်ကမ်းကို အင်ဂျင်နီယာချုပ်(တံတား)ဦးရွှေလေး ဦးဆောင်သည့် အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃) တံတားတည်ဆောက်ရေးလုပ်ငန်းအဖွဲ့(၂)က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးပိုင်က 'ပင်မတံတားက ၁၁၄၃၁ ပေရှိပြီး ရေလယ်တိုင်ပေါင်း ၃၁ တိုင်ပါဝင်တဲ့အနက် ပခုက္ကူဘက်ကမ်းမှာ တာဝန်ယူနေတဲ့ ကျွန်တော်တို့ အဖွဲ့က ပင်မတံတားရေလယ်တိုင်အမှတ်(၁၇)မှ (၃၁)အထိကို တာဝန်ယူတည်ဆောက်လျက်ရှိပါတယ်။ ပြီးစီးမှုအနေနဲ့ ယခု ဇွန်လ ၁၁ ရက်အထိဆိုရင် ၁၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပါပြီ။ စီမံကိန်းကြီး သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် ကျွန်တော်တို့အားလုံး နေ့မအား၊ ညမနား အချိန်ပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်' ဟု ပြောကြားသည်။

ထို့နောက် ကျွန်တော်တို့ သတင်းအဖွဲ့သည် စက်တပ်သမ္ဗန်ဖြင့် ညောင်ဦးမြို့ လက်ပန်ခြေပေါ်ဘက်ကမ်းသို့သွားရောက်၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြပြန်ပါသည်။ ကိုယ်တိုင်ကိုယ်ကျ မြစ်ပြင်ကျယ်ကိုဖြတ်ကူးပါမှ တံတားကြီး၏ တန်ဖိုးကို ပို၍ ပို၍ နားလည်သိရှိခွင့်ရခဲ့၏။ ဟိုမှာဘက်ကမ်းနှင့် သည်မှာဘက်ကမ်းမှာ များစွာဝေးကွာလှသည် ကြားထဲ ရေလယ်ကျွန်းကိုပါ ကွေ့ဝိုက်ကာ သွားရ၍အချိန်ကြာညောင်းလှပါဘိ။

လက်ပန်ခြေပေါ်ဘက်ကမ်းသို့ ရောက်သော် တံတားတည်ဆောက်ရေးလုပ်ငန်းအဖွဲ့(၁)မှ လက်ထောက် အင်ဂျင်နီယာ (မြို့ပြ) ဦးဇော်မိုးလွင်က 'လက်ပန်ခြေပေါ်ဘက်ကမ်းကို အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုး ဦးဆောင်တဲ့ အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားတည်ဆောက်ရေးလုပ်ငန်းအဖွဲ့(၁)က တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အဖွဲ့က ရေလယ်တိုင်အမှတ်(၁)မှ (၁၆)အထိကို တာဝန်ယူတည်ဆောက်လျက်ရှိပါတယ်။ ပြီးစီးမှုအနေနဲ့ ယခု ဇွန်လ ၁၁ ရက်အထိဆိုရင် ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပါပြီ'ဟုပြောကြားသည်။

မြန်မာအင်ဂျင်နီယာတို့၏ ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်စွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပင်မတံတား၏ ရေလယ်တိုင်များက ထုနှင့်ထည်နှင့် စီရရီရုပ်လုံးပေါ်ထွက်ခဲ့ချေပြီ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးသည့် ခရီးစဉ်အတွင်း "အရှည်ဆုံးတံတားကြီးကို အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ခြင်းဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ လုပ်ကိုင်ဖန်တီးနိုင်စွမ်းရှိသည့် ကိုယ်ပိုင်အရည်အသွေးကို မှတ်ကျောက်တင်သွားကြရန်၊ ဤစီမံကိန်းကြီးကို နိုင်ငံတော်အတွက် စံနမူနာစီမံကိန်းကြီးတစ်ခုအဖြစ် မှတ်တမ်းပြုနိုင်ရန် ဖိဖိစီးစီး အလေးထား ဆောင်ရွက်သွားကြရန်" ဖြင့် လမ်းညွှန်မြွက်ကြားခဲ့ပါသည်။

သို့ဖြစ်ရကား အဆိုပါ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းကြီးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ညောင်ဦးမြို့ လက်ပန်ခြေပေါ်ဘက်ကမ်း ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်းတို့တွင် မြေသန့်မင်္ဂလာများပြုလုပ်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပန္နက်တင်နှင့် ကွင်းတော်ဝန်းမင်္ဂလာအခမ်းအနားများကို ဦးဆောင်၍ ကျင်းပခဲ့သည်။

ယခုမူ တံတားကြီး၏ ဥပမိရုပ်ကား ရုပ်လုံးပေါ်လာသည်နှင့်အမျှ ဒေသခံပြည်သူတို့၏ ရွှင်လန်းဝမ်းမြောက်မှုတို့ကလည်း ပို၍ ပို၍ နက်ရှိုင်းလာသည်။

ပခုက္ကူမြို့ အမှတ်(၁၄) ဘုမ္မရပ်ကွက်နေ ဦးမြင့်သိန်းက "လက်ပန်ခြေပေါ်ဘက်ကမ်းကတစ်ဆင့် ညောင်ဦးဘက်ကိုသွားရင် မော်တော်နဲ့ပဲ သွားပါတယ်။ ကားနဲ့ဆိုရင် တစ်ကွေ့ကြီးဖြစ်လို့ ဘယ်သူမှသွားကြတာ သိပ်မရှိလှဘူး။ အခုတံတားကြီး ပြီးသွားရင်တော့ အချိန်တိုအတွင်း သွားလာနိုင်မှာဖြစ်လို့ ကျွန်တော်အပါအဝင် ဒေသခံပြည်သူတွေအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်။ ကျွန်တော်အသက် (၄၆)နှစ်ရှိပါပြီ။ ကျွန်တော်တို့ ငယ်စဉ်တုန်းက ပခုက္ကူမြို့ဟာ ဖွံ့ဖြိုးမှုသိပ်မရှိခဲ့ပါဘူး။ ယခု နိုင်ငံတော်အစိုးရလက်ထက်မှာတော့ ပခုက္ကူမြို့ဟာ ဖွံ့ဖြိုးတိုးတက်လာပါပြီ။ တံတားကြီးပြီးသွားရင် ပိုပြီး ဖွံ့ဖြိုးတိုးတက်လာဦးမှာပါ"ဟု ဆိုသည်။

ထို့အတူ ညောင်ဦးမြို့ လက်ပန်ခြေပေါ်ကျေးရွာနေ ဦးမျိုးဆွေကလည်း "ပခုက္ကူဘက်ကို ကျွန်တော်တို့ ဇက်ရေယာဉ်နဲ့ သွားရင် တစ်နာရီခွဲခန့်ကြာပါတယ်။ ညပိုင်းဆိုရင် သွားရေးလာရေး ပိုခက်ခဲပြီး မိုးတွင်းဆိုရင်တော့ လှိုင်းနဲ့လေနဲ့ အန္တရာယ်ပိုကြီးပါတယ်။ ဒေသထွက်ကုန်တွေကိုလည်း ဇက်ရေယာဉ်တို့၊ စက်လှေတို့နဲ့ပဲ တင်ပို့နေရပါတယ်။ တံတားကြီးပြီးသွားရင်တော့ လမ်းပန်းဆက်သွယ်ရေးသာမက ကုန်စည် စီးဆင်းမှုအတွက်ပါ ပိုပြီး အဆင်ပြေကြတော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြစ်မင်းရေသည် ရာစုနှစ်ပေါင်းချီ၍ စီးဆင်းနေသည်။ မိမိ၏ စိတ်အတွေးပန်းချီကလည်း ရှည်လျားစွာ ခရီးနှင်လျက်ရှိသည်။ အတိတ်ကာလ သူ့ကျွန်ဘဝက ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံကို နှစ်ပေါင်း တစ်ရာကျော်အတင်းအဓမ္မ အုပ်ချုပ်ခဲ့သော်လည်း အင်းဝမြစ်ကူးတံတား တစ်စင်းကိုသာ သူတို့၏ အကျိုးစီးပွားအတွက်သာ တည်ဆောက်ပေးခဲ့ကြသည်။

ယခုမျက်မှောက်ခေတ်တွင်မူ နိုင်ငံတော်အစိုးရသည် ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်စွမ်းပကားဖြင့် မြစ်ကူးတံတားကြီးပေါင်းများစွာကို တည်ဆောက်ပေးခဲ့သည်။ ပြည်ထောင်စုပန်းဥယျာဉ်ကြီးအတွင်းဝယ် လမ်း၊ တံတားများကို ပန်းများအလားစီရရီဝေဆာပွင့်လန်းစေခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုပန်းဥယျာဉ်ကြီးအတွင်းဝယ် သမိုင်းဝင်စေမည့် အလှဆုံး အမွှေးပျံ့ဆုံး ပန်းတစ်ပွင့်သည်လည်း ထပ်မံဝေဆာ ပွင့်လန်းလာပေဦးမည်။

လက်ရှိ မြန်မာနိုင်ငံ၏ အရှည်ဆုံးသံလွင်မြစ်ကူးတံတား(မော်လမြိုင်)ကို ဒေသခံတို့က မြစ်သုံးဆိုင်ကြားတွင် တည်ဆောက်၍ မဖြစ်နိုင်တော့ဟု ထင်မှတ်မှားခဲ့ရာမှ လက်တွေ့ဘဝတွင် ဘွားခနဲ ပေါ်ပေါက်လာခဲ့၍ "အိပ်မက်တံတားကြီး"ဟု တင်စားခဲ့ကြသည်။ ယခု မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားအဖြစ် ထပ်မံပေါ်ထွန်းလာမည့် ဧရာဝတီတံတား (ပခုက္ကူ)ကိုလည်း ဒေသခံတို့က မည်သို့တင်စားကြပေဦးမည်နည်း။ သိချင်စမ်းပါဘိ။---------။

မြစ်မင်းရေ၏ အတားအဆီးတစ်ခုဖြစ်သည့် ရေလယ်ကျွန်းပေါ်၌လည်း ရေလယ်တိုင်များ ဤသို့ တည်ဆောက်နေကြသည်။

အခြေခံဒစ်ဂျစ်တယ် မြေတိုင်းသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ နည်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပထဝီသတင်းအချက်အလက် မြေပုံစနစ် (Geographic Information System-GIS)ဂြိုဟ်တုဓာတ်ပုံ၊ ကောင်းကင်ဓာတ်ပုံအသုံးချစနစ် (Remote Sensing)၊ ဒစ်ဂျစ်တယ်မြေပုံထုတ်စနစ် (Digital Mapping)၊ မြေတိုင်း၊ ပုံထုတ်နှင့် အင်ဂျင်နီယာ ဒီဇိုင်းလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (Myanmar Engineering Society-MES)နှင့် Myanmar Credent Technology တို့ ပူးပေါင်းပြီး အခြေခံဒစ်ဂျစ်တယ်မြေတိုင်း (Basic Digital Survey)သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာ အထက်တန်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး မြေတိုင်းပညာရပ်နှင့် မြေတိုင်းလုပ်ငန်း စိတ်ဝင်စားသူများ၊ မြေတိုင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်နေသော်လည်း အခြေခံကျကျသင်တန်းတက်ရောက်လိုသူများ၊ AGTI နှင့် B.E(Civil)ကျောင်းတက်ဆဲ ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ရများ၊ လုပ်ငန်းလိုအပ်ချက်အရ တက်ရောက်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

မြေတိုင်းပညာရပ်၏ အခြေခံသဘောတရားများ၊ မြေပုံအရိပ်ချစနစ်နှင့် အခြေခံဒေတမ်ဆိုင်ရာ သီအိုရီများ သင်ကြားသွားမည့်အပြင် ဒစ်ဂျစ်တယ်သီအိုဒိုလိုက်နှင့် လယ်ဗယ် အသုံးချ၍ လက်တွေ့ကွင်းဆင်း တိုင်းတာမည်ဖြစ်သည်။ ထို့နောက် တိုင်းတာရရှိသော မြေပြင်အချက်အလက်များကို ကွန်ပျူတာဆော့ဖ်ဝဲလ်များ အသုံးပြု၍ မြေပုံထုတ်လုပ်ခြင်းကိုပါ လက်တွေ့သင်ကြားသွားမည်ဖြစ်သည်။

သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေး ၂၀ရာခိုင်နှုန်း လျှော့၍ လက်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၃ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ရက်သတ္တလေးပတ် (သင်တန်းကာလရှစ်ရက်)ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

စိတ်ဝင်စားသူများအနေဖြင့် အသေးစိတ် အချက်အလက်များကို Myanmar Credent Technology အဆောင် (၁)အခန်း(၇) Myanmar Info Tech (ယခင် MICT Park) လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၁၉၆၇၃~၇၆ လိုင်းခွဲ ၃၀၄ သို့ ဆက်သွယ်စုံစမ်းအပ်နှံနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးစပါး စိုက်ပျိုးစရိတ်ပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဇွန် ၁၇

International Sun Moon Star Agriculture Co.,Ltd. မှ ဒေသခံတောင်သူများထံ မိုးစပါးစိုက်ပျိုးစရိတ် ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းက ပဲခူးမြို့သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်း/ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီအမှုဆောင်ဒါရိုက်တာနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စရိတ်ငွေပေးအပ်

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ဒေသခံတောင်သူများသို့ စိုက်ပျိုးစရိတ်ငွေများ ပေးအပ်ရာ သက်ဆိုင်ရာတောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ဆက်လက်၍ ဒေသခံတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် သနပ်ပင်မြို့နယ် သနပ်ပင် မင်းရွာလမ်းပေါ်ရှိ သုံးခွရွာ ထိပ်တံတား ပြုပြင်တည်ဆောက်မှုကို ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ လမ်းညွှန်မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ဧရာဝတီတိုင်းနှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ဧရာဝတီတိုင်းနှင့် ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးထွန်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမောင်မောင်က မဲဆန္ဒနယ်မြေသတ်မှတ်ခြင်းနှင့် မဲရုံ၊ မဲပုံးလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်နှင့် လပွတ္တာခရိုင်တို့မှ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်အလိုက် ကော်မရှင်အဖွဲ့ခွဲများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

CHERRY OO Watch Clinic ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၇

Naing Family Co., Ltd. ၏ ချယ်ရီဦးနာရီဆိုင်မှ CHERRY OO Watch Clinic ကို ဇွန် ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ် (၇)လွှာ အခန်းအမှတ် (၇၂၈) ၌ ဖွင့်လှစ်လိုက်သည်။

အဆိုပါ CHERRY OO Watch Clinic ၌ ကျွမ်းကျင်ပညာရှင်များက ခေတ်မီစုံလင်သော စက်ကိရိယာများ အသုံးပြုပြီး တန်ဖိုးကြီး ROLEX နှင့် အခြားတန်ဖိုးမြင့် Swiss Made နာရီများကို အကောင်းဆုံးဝန်ဆောင်မှု၊ သင့်တော်မှန်ကန်သော နှုန်းထားတို့ဖြင့် ပြုပြင်ပေးရန်အတွက် စီစဉ်ဆောင်ရွက်ထားသည်။

ကုန်သည်ကြီးများ ဟိုတယ်တွင် CHERRY OO Luxury Watch Gallery ကိုလည်း ဖွင့်လှစ်ထားရှိပြီး ROLEX (Swiss Made) နာရီအသစ်၊ ပစ္စည်းစစ် ပစ္စည်းမှန်များကို နိုင်ငံတကာ ဈေးနှုန်းများထက် သက်သာမှန်ကန်သောဈေးနှုန်း၊ International Warranty တို့နှင့်အတူ အထူးအာမခံဖြင့် ရောင်းချပေးလျက်ရှိသဖြင့် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်သည့်အပြင် မုတ်သုံရာသီ အထူးအစီအစဉ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ RAYMOND WEIL (Swiss Made)နာရီများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရယူရောင်းချပေးလျက်ရှိသည်။

Naing Family Co., Ltd. ၏ ချယ်ရီဦးနာရီဆိုင်မှ CHERRY OO Watch Clinic ကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် (၇)လွှာ အခန်းအမှတ်(၇၂၈)တွင် ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

အသေးစိတ်သိရှိလိုပါက CHERRY OO @ Traders Hotel ဖုန်း-၉၅၁-၇၃၀၃၂၉၇၁ နှင့် ၂၄၂၈၂၈ လိုင်းခွဲ ၆၄၇၇ နှင့် ၇၇၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၁၀ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဠာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ဗဟုပုတ္တိကသောဏာ ထေရီရိပတ္တ"တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၀)**
- ၈း၃၀ အသည်းကင်ဆာရောဂါဆိုင်ရာ ဆွေးနွေးပွဲ(Mascot Health Care)
- ၈း၄၅ စိုက်ပျိုးစွမ်းအားမြင့်မားစေတာ ကဥနကျွန်းသာ
- ၉း၀၅ Activities in The City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနား)
- ၉း၁၅ အထက(၃)ကြည့်မြင်တိုင်၏ မြတ်ဆရာပူဇော်ပွဲ
- ၉း၃၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးပလာတာ)(အပိုင်း-၁)
- ၁၀း၀၅ ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ်ထာဝစဉ်---
- ၁၀း၂၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာသွင်စုထွေးနှင့် တွေ့ဆုံခြင်း)
- ၁၀း၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀း၅၅ Talent Show (လီယိုနာဒ်မောင်မောင်လွင်)
- ၁၁း၂၀ တစ်ပြည်ဝင်အိုး (အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မိုးစန္ဒီကျော်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (ART)]
- ၁၁း၄၅ ပူဇော်လှူဒါန်းကြသက်န်း
- ၁၁း၅၅ VJ Choice
- ၁၂း၂၀ Activities in The City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနား)
- ၁၂း၃၅ အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
- ၁း၀၀ "ဗဟုပုတ္တိကသောဏာ ထေရီရိပတ္တ"တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃း၀၀ အထက(၃)ကြည့်မြင်တိုင်၏ မြတ်ဆရာပူဇော်ပွဲ
- ၃း၁၅ အဆင့်မီ ရော်ဘာဖူးဆက်ပျိုးပင်ရရှိရေး
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၀)**
- ၄း၀၅ စိုက်ပျိုးစွမ်းအားမြင့်မားစေတာ ကဥနကျွန်းသာ
- ၄း၂၅ စက္ကူရွက်ဝေရှမ်းထီးသက်သေ
- ၄း၄၀ စိမ်းသည့်မြေ
- ၄း၅၀ World of Knowledge (Perilous Journeys: Crossing The Himalaya)
- ၅း၄၀ အသည်းကင်ဆာရောဂါဆိုင်ရာ ဆွေးနွေးပွဲ(Mascot Health Care)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Expression)
- ၆း၄၅ Talent Show (လီယိုနာဒ်မောင်မောင်လွင်)
- ၇း၀၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာသွင်စုထွေးနှင့် တွေ့ဆုံခြင်း)
- ၇း၂၀ စိမ်းသည့်မြေ
- ၇း၂၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ VJ Choice
- ၉း၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဇာနည်နှင့် ကြည်လဲ့လဲ့ဦးတို့နှင့် တွေ့ဆုံခြင်း)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၂၀)**
- ၁၀း၀၀ Sports World
- ၁၀း၂၅ လှပသစ်ဆန်းအလှပြင်ခန်း (Expression)
- ၁၀း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဇာနည်နှင့် ကြည်လဲ့လဲ့ဦးတို့နှင့် တွေ့ဆုံခြင်း)
- ၁၁း၀၅ Talent Show (လီယိုနာဒ်မောင်မောင်လွင်)
- ၁၁း၃၀ VJ Choice
- ၁၁း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စိမ့်စမ်းရေသွယ်

ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသည့် ရေမျက်နီရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် အုတ်ရေကန် မွမ်းမံပြုပြင်ခြင်းလုပ်ငန်းကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်လွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတစ်ဝန်း ယာဉ်တိမ်းမှောက်မှုများဖြစ်ပွား ယာဉ်မောင်းများ သတိထားမောင်းနှင်ကြရန်နှင့် ယာဉ်ကြံ့ခိုင်မှုမပြတ်စစ်ဆေး၍ သတ်မှတ်မိုင်နှုန်းအတွင်းသာ မောင်းနှင်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဇွန် ၁၇

ရန်ကုန်မြို့မှ ပဲခွယ်ကုန်းမြို့သို့ မောင်းနှင်သည့် ခရီးသည်တင်ယာဉ်တစ်စီးသည် ဇွန် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၄၁/၇)မိုင်၌ လမ်းချော်ပြီး လမ်းယာဘက်ရှိ သစ်ပင်ကို တိုက်မိတိမ်းမှောက်ရာ ယာဉ်ပေါ်ပါ ခရီးသည် ၁၉ ဦး ဖူးရောင်နာကျင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အတူ မန္တလေးမြို့မှ မြင်းခြံမြို့သို့ မောင်းနှင်သည့် ဟီးနိုးခရီးသည်တင်ယာဉ်တစ်စီးသည် ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် မြင်းခြံ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၉/၇)မိုင်နှင့် (၅၀/၀) မိုင်အကြား၌ ဆိုင်ကယ်တစ်စီးအား မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်ပေါ်ပါရှိသူ နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း၊ ဇွန် ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၂၆၇/၇)မိုင်နှင့် (၂၆၈/၀)မိုင်အကြား၌ နေပြည်တော်ပျဉ်းမနားမှ နေပြည်တော်တပ်ကုန်းသို့ မောင်းနှင်လာသည့် ရွှေမြို့တော် လိုက်ထရပ်ယာဉ်တစ်စီးသည် ရှေ့ယာဘက်ဘီး ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါရှိသူ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပေါက်ခေါင်း-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၄၁/ ၇)မိုင်နှင့် (၄၂/၀)မိုင်အကြား ကျောက်စွယ်ကျိုးအဆင်း၌ ဝါးနှင့်မီးသွေးတင်ဆောင်လာသည့် နစ်ဆန်းယာဉ်တစ်စီးသည်ဘရိတ်ပေါက်ပြီး လမ်းယာဘက်ရှိ ပေ ၂၀၀ ခန့်နက်သည့် ချောက်ထဲသို့ထိုးကျခဲ့သဖြင့် ခရီးကြုံလိုက်ပါလာသူ အမျိုးသမီးနှစ်ဦး သေဆုံးပြီး ယာဉ်မောင်းအပါအဝင် ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ပေါက်ခေါင်းဆေးရုံနှင့် တိုက်နယ်ဆေးရုံတို့သို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်းသိရသည်။

အလားတူ ရွှေပြည်သာမှ အင်းစိန်မြို့နယ်သို့ မောင်းနှင်သည့် အမှတ် (၁၂၄)အထူး ယာဉ်လိုင်းမှ ဖူဆိုဘတ်စ်ယာဉ်တစ်စီးသည် ဇွန် ၁၄ ရက် ညနေ ၄ နာရီခွဲခန့်တွင် ကွန်ပျူတာတက္ကသိုလ်အနီး၌ လမ်းဖြတ်ကူးသူအမျိုးသမီး တစ်ဦးအားတိုက်မိသဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

မိုးကာလဖြစ်သဖြင့် လမ်းချော်တိမ်းမှောက်မှုများဖြစ်ပွားခြင်း၊ ဘရိတ်များ၊ တာယာများ၊ စက်ပိုင်းဆိုင်ရာများ ချို့ယွင်းပြီး ယာဉ်တိမ်းမှောက်ရခြင်း၊ အရှိန်မထိန်းနိုင်သဖြင့် ယာဉ်တိမ်းမှောက်ခြင်းများ မဖြစ်ပေါ်စေရေးအတွက် ယာဉ်မောင်းသူများအနေဖြင့် သတိထားမောင်းနှင်ကြရန်၊ ယာဉ်ကြံ့ခိုင်မှုမပြတ်စစ်ဆေး၍ သတ်မှတ်မိုင်နှုန်းအတွင်းသာ မောင်းနှင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင်မြို့မဈေးကြီးအတွင်း ရေနုတ်မြောင်းဆယ်၊ ခြင်ဆေးဖျန်း

ရန်ကုန် ဇွန် ၁၇

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ ရောဂါပိုးမွှားကင်းစင်စေရေးအတွက် ဈေးပိတ်ရက်ဖြစ်သော ဇွန် ၁၁ ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ၊ ဈေးတာဝန်ခံများနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တာဝန်ရှိသူများ ပူးပေါင်း၍ ရေမြောင်းဆယ်ခြင်း၊ အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူစိန်နှင့် ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးငွေအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ်စည်ပင်)

၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မသန်စွမ်းသူများ အားကစားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ကြီးမှူး၍ ၂၀၁၀ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် မသန်စွမ်း ဗိုးခဲ့ယား(၄ဘီး/၃ဘီး) ကျား/မ ပြိုင်ပွဲကို ဇွန် ၁၉ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားလေ့ကျင့်ရေးစခန်း စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပမည်ဖြစ်ပြီး မသန်စွမ်းဘော်လီဘောပြိုင်ပွဲ (ထိုင်လျက်)ကို ဇွန် ၂၀ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း ဘော်လီဘောလေ့ကျင့်ရေးရုံး၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားအသင်းအဖွဲ့များသည် အောင်ဆန်းကွင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံးခန်း ဖုန်း-၀၁-၃၈၂၄၅၅သို့ ဆက်သွယ်စာရင်းပေးကြရန်နှင့် ပြိုင်ပွဲရက်များတွင် သက်ဆိုင်ရာကွင်းများသို့ နံနက် ၆ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကဝမြို့ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ကဝ ဇွန် ၁၇

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၄) ရပ်ကွက်မှ အဖွဲ့ဝင်များ ပူးပေါင်း၍ အဓိကရေထွက်မြောင်းဖြစ်သော မြို့လယ်ချောင်းတံတားထိပ်ရှိ ရေမြောင်း ရှင်းလင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

18-6)09.pmd 1 6/18/2010, 2:17 AM

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** စစ်တွေမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ပုသိမ်မြို့တွင် ၂ ဒသမ ၆၇ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၃၃ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ဝမြို့၊ သိမ်ဖြူမြို့နှင့် သရက်မြို့တို့တွင် ၁ ဒသမ ၀၂ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၁၈ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၃ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) ၉၂ ဒီဂရီဖာရင်ဟိုက်	၁၆-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၇၅ ဒီဂရီဖာရင်ဟိုက်	၁၇-၆-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း	၁၇-၆-၂၀၁၀
နေပူသည့်နာရီပေါင်း သုည ဒသမ ၂ နာရီခန့်	၁၆-၆-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၇-၆-၂၀၁၀	၉ မမ (သုည ဒသမ ၃၅လက်မ)	၁၁ မမ (သုည ဒသမ ၄၃လက်မ)	၁၈ မမ (သုည ဒသမ ၇၁လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၆၂၂ မမ (၂၄ဒသမ၄၉ လက်မ)	၆၈၄မမ (၂၆ဒသမ၉၃ လက်မ)	၆၈၅မမ (၂၆ဒသမ၉၇ လက်မ)

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် လူနေအိမ်များ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှု၊ မြေပြိုမှုများ၊ ကားလမ်းနှင့် ရထားလမ်းပိုင်းအချို့ ပျက်စီးမှုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

အဆိုပါ လုပ်ငန်းများ၌ နိုင်ငံတော်၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ NGO အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၇

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဇွန် ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ အဆောက်အအုံများ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ကနဦး သတင်းများကို ဇွန် ၁၇ ရက်ထုတ် သတင်းစာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ အဆိုပါဖြစ်စဉ်တွင် မိုးရေချိန်များအနေဖြင့် ဘူးသီးတောင်မြို့နယ်၌ ဇွန် ၁၃ ရက်တွင် မိုးရေချိန် ၄ ဒသမ ၃ လက်မ၊ ဇွန် ၁၄ ရက်တွင် ၈ လက်မ၊ မောင်တောမြို့နယ်၌ ဇွန် ၁၃ ရက်တွင် ၃ ဒသမ ၉၈ လက်မ၊ ဇွန် ၁၄ ရက်တွင် ၄ ဒသမ ၀၂ လက်မ၊ ဇွန် ၁၅ ရက်တွင် ၁၃ ဒသမ ၄၇ လက်မ၊ စစ်တွေမြို့၌ ဇွန် ၁၅ ရက်တွင် ၅ဒသမ ၇၅ လက်မတို့အထိ သည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ ထိုသို့ မိုးသည်းထန်စွာရွာသွန်းပြီး တံတားပျက်စီးမှု၊ မြေပြိုမှုများကြောင့် ဇွန် ၁၅ ရက်တွင် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ အမ်း၊ ရန်ကုန်နှင့် မန္တလေးမြို့များသို့ ထွက်ခွာမည့် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ခရီးစဉ်ရပ်ဆိုင်းထားရကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ် သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် နိုင်ငံတော်၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ NGO အဖွဲ့အစည်းများနှင့် စေတနာရှင် ပြည်သူများက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ဇွန် ၁၅ ရက်တွင် မင်းပြားမြို့နယ် ဆပ်ကြားကျေးရွာအုပ်စု မွတ်ဆလင်တန်းဆိပ်ရွာ၌ ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၅ လုံး၊ စာသင်ကျောင်းတစ်ကျောင်း ပြိုလဲပျက်စီးပြီး လူနေအိမ် ၁၄ လုံးနှင့် ဗလီကျောင်း တစ်ကျောင်းတို့မှာ ခေါင်မိုးများ ပျက်စီးသွားကြောင်း၊ လေဘေးဒုက္ခသည် အမျိုးသား ၁၀၂ ဦး၊ အမျိုးသမီး ၉၂ ဦး စုစုပေါင်း ၁၉၄ ဦးကို သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် ရဲတပ်ဖွဲ့တို့၏ အစီအစဉ်ဖြင့် နီးစပ်ရာကျေးရွာများရှိ ဗလီကျောင်းများနှင့် ဆွေမျိုးသားချင်း နေအိမ်များ၌ ခေတ္တနေထိုင်နိုင်အောင် စီစဉ်ပေးထားကြောင်း။

ထို့အပြင် မင်းပြားနှင့် မြေပုံမြို့နယ်အကြားရှိ ကြာအင်းတောင်းကျေးရွာအနီး အရှည် ၁၅ ပေခန့်ရှိ သစ်သားတံတား ရေတိုက်စား ပြိုကျပျက်စီးခဲ့ကြောင်း၊ ခေါင်းလောင်းချောင်းကျေးရွာ အနီး၌ အမျိုးသားတစ်ဦးနှင့် ကျွဲ ၁၀ ကောင် မိုးကြိုးထိမှန် သေဆုံးခဲ့ကြောင်း။

အလားတူ ဇွန် ၁၅ ရက်တွင် ဘူးသီးတောင်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ် ရပ်ကွက်များ အပါအဝင် ကျေးရွာအချို့တို့၌ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ပြိုကျသဖြင့် အမှတ်(၅) ရပ်ကွက် ဟန်မလာကျေးရွာ၊ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ကျောက်ရွက်ပြင်တိုးချဲ့ကျေးရွာနှင့် ကကျဘက်ပြင်ကျေးရွာအုပ်စုတို့မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၃၁ဦး သေဆုံးခဲ့ကြောင်း၊ မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် မြို့ပေါ်ရပ်ကွက် မြေနိမ့်ပိုင်းများတွင် ရေငါးပေခန့်၊ ကုန်းမြင့်နေရာများတွင် ရေလေးပေခန့်အထိ မြင့်တက်လျက်ရှိပြီး ကျန်ကျေးရွာများနှင့် အဆက်အသွယ် ပြတ်တောက်လျက်ရှိကြောင်း၊ ဘူးသီးတောင် -မောင်တော ကားလမ်းမှာလည်း မြေပြိုကျမှုကြောင့် သွားလာမှု ပြတ်တောက်လျက်ရှိကြောင်း၊ ရေလွှမ်းမိုးခံရသည့် အိမ်ထောင်စု ၄၆စု၊ လူဦးရေ ၂၁၄ ဦးတို့အား သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် နယ်မြေခံတပ်ရင်းတို့၏ အစီအစဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မြို့ပေါ်ဘုန်းကြီးကျောင်းများနှင့် အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများသို့ ခေတ္တပြောင်းရွှေ့ နေရာချထားပေးခဲ့ကြောင်း။

မောင်တောမြို့နယ်၌လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးစာကြူးကျေးရွာအုပ်စု မန်းပြားကျေးရွာ၌ မြေပြိုကျပြီး နေအိမ်တစ်လုံးပျက်စီးကာ အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း လေးဦး သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် ကြိမ်ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မောင်တောမြို့ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်များ၌ ရေအမြင့် လေးပေခွဲအထိ မြင့်တက်ခဲ့သည့်အတွက် ၎င်းရပ်ကွက်များမှ အိမ်ထောင်စု ၂၅၂ စု၊ လူဦးရေ ၁၈၆၅ ဦးတို့အား အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း စုရပ်များတွင် ယာယီနေရာချထားပေးခဲ့ကြောင်း၊ မြေပြိုကျမှုကြောင့် ရေမျက်တောင်၊ ကိုးတောင်၊ ဇီးပင်ချောင်း၊ ဇာတာဇာလီ၊ ဒုံးပိုက်၊ ပိပြား၊ ကျွန်းပေါက်ကျေးရွာတို့မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း လူ ၂၀ သေဆုံးခဲ့ပြီး ဒုံးပိုက်၊ ကိုးတောင်ကျေးရွာတို့မှ စုစုပေါင်း လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မောင်တောမှ နယ်စပ်သွား ကားလမ်းပေါ်ရှိ အရှည်ပေ ၆၀ အကျယ် ၁၆ ပေရှိ (၃)မိုင်တံတားသစ် ရေမျောပါ ပျက်စီးခဲ့သည့်အပြင် မောင်တော-ဘူးသီးတောင် ကားလမ်းရှိ လိုဏ်ဂူကြီး မြေပြိုကျပြီး ကားလမ်း ပေ ၆၀၀ ခန့် တောင်ပြိုပိတ်ဆို့ခဲ့ကြောင်း၊ မောင်တော-ကြိမ်ချောင်းလမ်းနှင့် မောင်တော-အလယ်သံကျော် လမ်းများတွင် တံတားများ ရေစီးနောက်မျောပါခြင်း၊ လမ်းကို ရေကျော်တိုက်စားခြင်းနှင့် ရေပြွန်များပွင့်ထွက် မျောပါခြင်းတို့ကြောင့် သွားလာရေး ပြတ်တောက်လျက်ရှိကြောင်း။

အလားတူ ပုဏ္ဏားကျွန်းမြို့နယ်၌ ဇွန် ၁၅ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေ တိုက်စားမှုကြောင့် ပန်းနီလာနှင့် ကြံခင်းကျေးရွာအကြား အရှည်ပေ ၂၀ ခန့်ရှိ သံကူကွန်ကရစ်တံတား ပျက်စီးသွားပြီး တံတားနှင့် ဆက်စပ်နေသည့် အဝေးပြေးကတ္တရာလမ်းမ မြေသား ၁၀ ပေခန့်လည်း ပြိုကျပျက်စီးသွားခဲ့ကြောင်း၊ ကျောက်တော်မြို့နယ် ကန်စောက်ကျေးရွာ ကန်စောက်တောင်အနီးရှိ အဝေးပြေးလမ်းမမှာလည်း တောင်ကျရေတိုက်စားမှုကြောင့် ကားလမ်း ၁၀ ပေခန့် ပျက်စီးသွားခဲ့ကြောင်း။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် စစ်တွေ၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့များရှိ နယ်မြေခံတပ်များ၌လည်း တပ်မတော်သား တစ်ဦး သေဆုံးပြီး အဆောက်အအုံပေါင်း ၈၀ ခန့် ပျက်စီးခဲ့ကြောင်းနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

သို့သော် ဇွန် ၁၅ ရက် ညနေပိုင်းတွင် မိုးရွာသွန်းမှု ရပ်တန့်သွားခဲ့ပြီး ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်းနှင့် ရေဘေးဒုက္ခသည်အချို့အား မူရင်းနေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်တွေ-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း၌ မြေသားတစ်ခြမ်း ပဲ့ကျမှု၊ မြေပြိုမှု၊ မြေသားဖုံးလွှမ်းမှု၊ တာပေါင်ပွင့်ထွက်မှုအချို့ ဖြစ်ပွားခဲ့ရာ ယခုအခါ သက်ဆိုင်ရာက ရထားလမ်းပိုင်း ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဘူးသီးတောင်-မောင်တောသွား ကားလမ်းကိုလည်း ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် အမြန်ဆုံးပြန်လည် ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ဘေးလွတ်ရာနေရာများသို့ ယာယီရွှေ့ပြောင်း နေရာချထားပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ထမင်းထုပ်များ ဝေငှခြင်း၊ ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်း လုပ်ငန်းများကို နိုင်ငံတော်၊ ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ NGO အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများအဖြစ် ဆန်အိတ်များ၊ ဟင်းသီးဟင်းရွက်နှင့် သားငါးများ၊ သောက်သုံးရေများ၊ အသင့်စား ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ ကြက်သွန်နီ၊ စားအုံးဆီ၊ ကြက်ဥ၊ အာလူး၊ ဘီစကစ်မုန့်၊ စောင်၊ ခြင်ထောင်၊ ထီး၊ အဝတ်အထည် စသည်များ ပါဝင်ကြောင်း၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ယာယီကျန်းမာရေးစောင့်ရှောက်ရေး ရုံးများဖွင့်လှစ်ထားရှိပြီး သဘာဝဘေးဒဏ်သင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ ဒေသအာဏာပိုင်နှင့် ဌာနဆိုင်ရာများကလည်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များသို့ ပစ္စည်းခြောက်မျိုးပါ ကယ်ဆယ်ရေးပစ္စည်း ၂၉၈ ယူနစ်၊ မင်းပြားမြို့နယ်သို့ ပစ္စည်း ခြောက်မျိုးပါ ကယ်ဆယ်ရေးပစ္စည်း ၁၀၀ ယူနစ်နှင့် ဆန်၊ ဆေးဝါးများ ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်က ဖွဲ့စည်းထားပြီးဖြစ်သည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ဦးဆောင်ပြီး ပို့ဆောင်ရေး၊ ပြည်ထဲရေး၊ ဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အမှတ်(၂) လျှပ်စစ်စွမ်းအားနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းစေလွှတ်ပြီး သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း ဒေသအချို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးကန်ထရိုက်တာများသို့

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်တွင် ရေမြောင်းလုပ်ငန်း၊ ကွန်ကရစ်လမ်းလုပ်ငန်း၊ စက်ရုံဖောင်ဒေးရှင်းလုပ်ငန်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားလုပ်ကိုင်နိုင်သူများ၊ မိမိတို့ကုမ္ပဏီ၏ Profileများ တင်ပြ၍ အောက်ပါလိပ်စာသို့ ၂၄-၆-၂၀၁၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉ ၈၇၄၂၄၇၈၊ ၇၂၀၄၁၀

Planning & Technical Department,
Myanmar Winery & Distillery Co., Ltd.
(၁၄၆/၁၅၈) ပြည်လမ်း၊ ၁၀မိုင်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။



ဆူပါ အပ်ချုပ်ဆိုင်

မင်္ဂလာဈေး၊ ဒုတိယထပ် အမှတ်-၂၀၆မှ ဆူပါအပ်ချုပ်ဆိုင်အား ၁၆-၆-၂၀၁၀ ရက်မှစတင်၍ တော်ဝင်ပလာဇာ Basement အမှတ်- ၅၆သို့ ပြောင်းရွှေ့ဖွင့်လှစ် ထားပါသည်။

ဖုန်း-၀၉-၅၀-၈၀၈၁၀

SONY Expo-2010 ပြပွဲ သုံးရက်တိုင်တိုင် ကျင်းပမည်

SONY 3D ရုပ်ရှင်ရုံတွင် 3D မျက်မှန်များနှင့် ပြပွဲလာပရိသတ်များ လက်တွေ့ကြည့်ရှုနိုင်မည်

သတင်းဆောင်းပါး- မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံ - လှမိုး (သတင်းစဉ်)

TMW Enterprise Ltd., က SONY Expo-2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇွန် ၁၈ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအတွင်း သုံးရက်တိုင်တိုင် ကျင်းပတော့မည်။

နည်းပညာမြင့်မားသော SONY ၏ သီးခြားကမ္ဘာငယ်တစ်ခုသို့ လေ့လာချင်ဇောဖြင့် ပြပွဲမတိုင်မီ တစ်ရက်မှာပင် သွားရောက်လေ့လာခဲ့သည်။

TMW Enterprise Ltd., မှ မစပယ်တင်နှင့် မလွင်လွင်မြတို့၏ စီစဉ်ပေးမှုဖြင့် SONY ၏ 3D ရုပ်ရှင်ရုံအတွင်း SONY 3D မျက်မှန်နှင့် ကိုယ်တိုင် လက်တွေ့စမ်းသပ်ကြည့်ရှုခွင့်ရခဲ့သည်။ SONY 3D Digital World သီးခြားကမ္ဘာငယ်တစ်ခုသို့ ရောက်သွားသည်။ ဇာတ်လမ်းထဲတွင် ကိုယ်တိုင်ပါဝင်ခံစားနေသည့်နှယ် သက်ဝင်လှုပ်ရှား ရုပ်လုံးကြွများထဲ၌ မိမိရောက်ရှိနေပြီး အချို့အရာဝတ္ထုများက မိမိကို လာရောက်ထိမှန်နေသကဲ့သို့ပင်။

မစပယ်တင်နှင့် မလွင်လွင်မြတို့က SONY Bravia များတွင် 3D နည်းပညာများ ပါဝင်သောကြောင့် ကြည့်ရှုသူများအနေဖြင့် သက်ဝင်လှုပ်ရှား ရုပ်လုံးကြွများကို SONY 3D မျက်မှန်များနှင့် ပြပွဲလာ ပရိသတ်များ လက်တွေ့စမ်းသပ်ကြည့်ရှုနိုင်ရန် ရုပ်ရှင်ရုံအသွင် ဖန်တီးထားကြောင်း၊ ဇာတ်လမ်းထဲတွင် မိမိကိုယ်တိုင် ပါဝင်ခံစားနေရသကဲ့သို့ အတွေ့အကြုံသစ်များကို ရရှိမည်ဖြစ်ကြောင်း၊ ဇာတ်လမ်းအတက်အကျအလိုက် မိမိကိုယ်တိုင် ဇာတ်ဆောင်တစ်ယောက်အသွင်ခံစားရပြီး စိတ်လှုပ်ရှားဖွယ်၊ အံ့သြဖွယ်အတွေ့အကြုံသစ်များနှင့် စိတ်ချမ်းမြေ့ပျော်ရွှင်မှုများစွာကို တွေ့ကြုံခံစားကြရမှာဖြစ်ကြောင်း၊ ပြပွဲတွင် ပရိသတ်များကို မိတ်ဆက်ပေးသည့်အနေဖြင့် လက်တွေ့စမ်းသပ်ကြည့်ရှုနိုင်ရန် စီစဉ်ပေးထားကြောင်း၊ ဈေးကွက်အတွင်း မကြာမီ ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

SONY Bravia ကမ္ဘာငယ်အတွင်း ဆက်လက်ကြည့်ရှုလေ့လာရာတွင် SONY TV များထဲ၌ နောက်ဆုံးပေါ် နည်းပညာများဖြစ်သော အရှိန်မြန်နှုန်းမြင့် လှုပ်ရှားမှုပုံရိပ်များကို အဆက်မပြတ် ကြည့်ရှုခံစားနိုင်သည့် Motion Flow နည်းပညာကို ထည့်သွင်းထားသည့်အတွက် ဘောလုံးပွဲကြည့်ရှုသူများ၊ Game ကစားလိုသူများအနေဖြင့် SONY ၏ Bravia များဖြင့် အကောင်းဆုံးသော အတွေ့အကြုံများ ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် Bravia TV များထဲတွင် စွမ်းအင်ချွေတာသုံးစွဲနိုင်သော ECO နည်းပညာများ၊ ကျန်းမာရေးအတွက် အထူးသင့်လျော်သော မိမိ၏ EYE Level ဖြင့် တစ်ညီထဲ ကြည့်ရှုနိုင်သော အကောင်းဆုံးအနေအထားကို ဖော်ဆောင်နိုင်သည့် Monolithic Design TV များကိုလည်း တွေ့မြင် နှိုင်းယှဉ်နိုင်မည်ဖြစ်သည်။

တစ်ဖန် ဧည့်ခန်း၊ အိပ်ခန်း စသည့် အိမ်တိုင်း လက်တွေ့ဆင်ယင်ခင်းကျင်းထားသော Home Theater ကမ္ဘာငယ်ကိုလည်း တွေ့ရပြန်ပါသည်။ ထို့အပြင် ဓာတ်ပုံဝါသနာအိုးများအကြိုက် ကိုယ်တိုင်လက်တွေ့ရိုက်ကူးနိုင်သည့် Alpha ကင်မရာ ကမ္ဘာထဲတွင်လည်း Professional Photo Studio အသွင် ဖန်တီးထားပြီး Sony ၏ နာမည်ကျော် TX5 Cybershot Camera ၏ အဓိကအားသာချက်များဖြစ်သည့် ရေစိုခံခြင်း၊ ဖုန်အမှုန်အမွှားဒဏ် ခံနိုင်ခြင်း၊ အမြင့် ၅ ပေအထက်မှ ပြုတ်ကျသော်လည်း ပျက်စီးမှုမရှိခြင်း၊ အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ် အထိခံနိုင်ခြင်းစသည့် အားသာချက်များကို သေချာရှင်းလင်းပြသထားသည်။

SONY Expo-2010 ပြပွဲတွင် ပြသမည့် SONY 3D DIGITAL WORLD ရုပ်ရှင်ရုံကို တွေ့ရစဉ်။

ထို့ပြင် Professional Camera များဖြင့် လက်တွေ့ရိုက်ကူးလိုသူ ဓာတ်ပုံပညာရှင်များအတွက် Model များဖြင့် လက်တွေ့ရိုက်ကွင်းများ စီစဉ်ပေးထားကြောင်း သိရသည်။

အလားတူ Full HD ဖြင့် ရုပ်ရှင်ကြည့်လိုသူများအတွက်မူ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ဘောလုံးကွင်းအတွင်း၌ မိမိကိုယ်တိုင် သွားရောက်ကြည့်ရှုရသကဲ့သို့ ခံစားနိုင်မည့် 300 inch Screen Size Sony Projector ဖြင့် လက်တွေ့ဆင်ပြ ကြည့်ရှုနိုင်ရန် စီမံထားသည်။ Game ကစားလိုသူများအတွက်လည်း PS2 Game Player များကို ပြသသွားမည့်အပြင် SONY ၏ နာမည်ကျော် VAIO Laptop များ၊ SONY Ericsson Ph များ၊ Walkman များ၊ MP4, MP3 များ၊ ၂၀၁၀ Xplod Car Audio အစရှိသော SONY Electronics များစွာကိုလည်း ထူးခြားသော Concept အသီးသီးဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည်။

SONY Expo-2010 ပြပွဲ ကြိုတင်ပြင်ဆင်နေမှုကို ကြည့်ရှုလေ့လာပြီး အပြန်တွင် အချိန်လင့်ချေပြီ။ သို့သော် အားမရ။ ပြပွဲနေ့များတွင် ထပ်မံ၍ အားပါးတရ သွားရောက်ကြည့်ရှုလေ့လာပါဦးမည်။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့** တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၀ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ (၆)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ၏ အရှည်ဆုံး တံတားကြီးအဖြစ် သမိုင်းဝင်လာတော့မည့် ဧရာဝတီတံတား(ပခုက္ကူ)

ဧရာဝတီမြစ်၏ မြစ်ရေသည် လေအဝှေ့တွင် လှိုင်းကြက်ခွပ်ကလေးများ ထ၍ထ၍ စီးဆင်းနေသည်။ ဧရာဝတီမြစ်၏ သည်မှာဘက်ကမ်း ပခုက္ကူမြို့မှ လှမ်းမျှော်ကြည့်သော် မြစ်မင်းဧရာ၏ ကျောကုန်းထက်တွင် တံတားရေလယ်တိုင်များ အစီအရီဖြင့်။

မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးဖြစ်လာမည့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ကျွန်တော်တို့ သတင်းအဖွဲ့ သွားရောက်လေ့လာခွင့်ရခဲ့သည်။

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

မန္တလေးတိုင်း ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ဘက်ကမ်း၌ တည်ဆောက်နေသည့် ရေလယ်တိုင်များကလည်း မြစ်မင်းဧရာ၏ အထက်တွင် အစီအရီ. . .

သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံ - သာညဏ်(သတင်းစဉ်)
အဆင်အပြင် - ခင်မျိုးနိုင်

ဟီဂွာရင်၏ ဟက်ထရစ်ဂိုးများဖြင့် အာဂျင်တီးနားတို့ အောင်ပွဲခံပြန်

ဂျိုဟန်နက်စဘတ် ဇွန် ၁၇

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (B)ရဲ့ ဒုတိယပွဲစဉ်များကို ယနေ့ညမှာ ဆက်လက်ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားအသင်းက တောင်ကိုရီးယားအသင်းကို လေးဂိုး- တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပထမဦးဆုံး ဟက်ထရစ်ဂိုးသွင်းရှင် အာဂျင်တီးနားအသင်းမှ ဟီဂွာရင်။

ဒီနေ့ပွဲမှာ အာဂျင်တီးနားအသင်းဟာ နိုင်ဂျီးရီးယားနဲ့ ပွဲက လူစာရင်းအတိုင်းပဲ ပွဲထွက်လာခဲ့ပါတယ်။ တောင်ကိုရီးယားအသင်းမှာတော့ လီချောင်ဆူး၊ ပက်ဂျီဆန်၊ ကင်ဂျန်ဝူး၊ ပက်ချူယောင်၊ ကီဆောင်ယန်း၊ လီချောင်ယန်စတဲ့ အမာခံကစားသမားများနဲ့ အာဂျင်တီးနားအသင်းကို ပြန်လည်တုံ့ပြန်လာခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ◆

(18-6)20.pmd 1 6/18/2010, 2:18 AM